မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူလူထုတစ်ရပ်လုံးအကြား ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေးနှင့် သူတစ်ပါး၏ဆေးလိပ်ငွေ့ ရှူရှိုက်ရသည့်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထား

တိကျစွာလိုက်နာရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်အသိပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

ဒေသဖွံ့ဖြိုးရေးကို အသွင်တစ်မျိုးဖြင့် အဆင့်တိုးစေမည့် မိတ္ထီလာ-မြင်းခြံကားလမ်း အဆင့်မြင့်စွာ ဖြစ်ထွန်းလာတော့မည်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

မိတ္ထီလာ မေ ၃၁

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုက ဒေသဖွံ့ဖြိုးရေးကို အဓိကကျစွာ အထောက်အကူပြုသည်က အမှန်ပင်....။

မိတ္ထီလာခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုများကို လေ့လာရန် သတင်းအဖွဲ့ ခရီးထွက်ခဲ့သည်။ မလှိုင်မြို့မှအထွက် ကတ္တရာလမ်းက ညီညာဖြောင့်ဖြူးလျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

မိတ္ထီလာ-မြင်းခြံလမ်းပိုင်း၏ မလှိုင်မြို့တွင်း မိုင်တိုင်အမှတ် ၂၂/၃အနီး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေသည်ကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

အသက် ၁၀၀အထိ ဆေးကုသနေသည့်ဆရာဝန်

ကိုသစ္စာ - ရေးသားသည်

အမေရိကန်နိုင်ငံ အော်ဂက်စတာမြို့မှ ဒေါက်တာဝေါလ်တာဝတ်ဆင်အမည်ရှိ ကလေးအထူးကု ဆရာဝန်ကြီးသည် မေ ၃၁ရက်၌ အသက် ၁၀၀ ပြည့်ပြီဖြစ်သော်လည်း ကျန်းမာစွာဖြင့် လူနာများအား ဆေးကုသပေးလျက်ရှိသည်။

စတင်

ဒေါက်တာဝေါလ်တာဝတ်ဆင်သည် ၁၉၄၇ခုနှစ် မေလမှစတင်ကာ ဆရာဝန်ဖြစ်လာခဲ့ပြီးနောက် လူနာများကို ဆေးစတင်ကုသခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ကလေးငယ်များကို ဦးစားပေး ကုသပေးခဲ့သည်။

ကုသခဲ့

ဒေါက်တာဝေါလ်တာဝတ်ဆင်သည် ယခုအချိန်အထိ ကလေးငယ်ပေါင်း ၁၈၀၀၀ကျော်ကို ဆေးဝါးကုသပေးနိုင်ခဲ့ပြီး အခြားလူနာများကိုလည်း နေ့စဉ် ရက်ပျက်မရှိ ကုသပေးခဲ့သည်။ သူသည် ၁၉၃၉ ခုနှစ်က အမေရိကန် ဂျော်ဂျီယာဆေးကောလိပ်မှ ကျောင်းဆင်းခဲ့ခြင်းဖြစ်ပြီး ဆရာဝန်ဖြစ်ကတည်းက ရက်ပျက်မရှိ နေ့စဉ် ဆေးကုသပေးနိုင်ခဲ့သူဖြစ်သည်။ ။ *(အင်တာနက်)*

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇွန် ၁ ရက်)

မည်သည့်အလုပ်မဆို စေတနာဖြင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်

အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဟူသော ဆိုစကားရှိသည်။ အလုပ်ကို လုပ်ရာတွင် စေတနာသည် အဓိကဖြစ်သည်။ စေတနာမပါသောအလုပ်သည် အောင်မြင်မှုရရှိနိုင်မည် မဟုတ်ချေ။ စေတနာမပါလျှင် အလုပ်သည် အကျိုးမဖြစ်ထွန်းနိုင်။

မြန်မာတို့သည် ယဉ်ကျေးသိမ်မွေ့ပြီး စိတ်ထားနူးညံ့ပျော့ပျောင်းသူ များဖြစ်ကြသည်။ မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်သည် ရိုးသားသိမ်မွေ့သည်။ ယင်းစိတ်ထားကို မိမိလုပ်သောအလုပ်နှင့်ပေါင်းစပ်သည့်အခါ လုပ်ငန်းမှာအောင်မြင်မှု ရရှိလာမည်ဖြစ်သည်။

အတ္တဟိတ၊ ပရဟိတနှစ်ဖြာရှိရာ ကိုယ်ကျိုးကိုဆောင်ရွက်ပြီး အများအကျိုးကိုဆောင်ရွက်နိုင်ပါက အောင်မြင်မှုကိုရရှိမည်ဖြစ်သည်။ စေတနာအရင်းခံဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်းသည် လုပ်ငန်းတိုးတက်အောင်မြင်ပြီး မိမိ၏စေတနာကြောင့် မိမိအပေါ်ကူညီစောင့်ရှောက်မည့် သူများလည်း ပေါ်ပေါက်လာရသည်။ စေတနာသည် တန်ဖိုးဖြတ်၍မရသကဲ့သို့ တိုင်းတာနှိုင်းဆ၍လည်း မရပါ။

လမ်းခင်းတံတားဖောက်လုပ် တည်ဆောက်ခြင်းသည် ခရီးသွားပြည်သူတို့ လွယ်ကူချောမွေ့စွာ သွားလိုသည့်စေတနာဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မကြာမီသောကာလက ရာသီဥတုကြောင့် သောက်သုံးရေခက်ခဲမှု ကြုံတွေ့ခဲ့ရသောဒေသများတွင် အလှူရှင်တို့၏ ရေလှူခြင်းများသည် ပင်ကိုစိတ်ရင်းစေတနာဖြင့် ရေအခက်အခဲရှိသူများကို ကူညီဆောင်ရွက်ခြင်းပင်ဖြစ်သည်။

လူမှုရေးကိစ္စများဖြစ်သည့် မီးဘေးအန္တရာယ်ကြုံတွေ့သည့်ကိစ္စတွင် စွန့်စွန့်စားစားနှင့်ဆောင်ရွက်ခြင်းမျိုးသည် တာဝန်အရဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ စေတနာပေါင်းစပ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ လွန်ခဲ့သော မေလ ၂၄ ရက်နေ့က လောင်ကျွမ်းခဲ့သော မင်္ဂလာဈေးမီးလောင်မှုတွင် နာရီပေါင်း ၂၀ကျော် မီးသတ်တပ်ဖွဲ့ဝင်တို့၏ မီးငြိမ်းသတ်ခဲ့ခြင်းမျိုးသည် သာမန်ဝန်ထမ်းစိတ်ဓာတ်မျိုးဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ စိတ်ရင်းစေတနာပါရှိခဲ့၍ ဖြစ်သည်။

စေတနာအရင်းခံဖြင့်ဆောင်ရွက်သည့် အခြားလုပ်ငန်းတစ်ခုမှာ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာတမ်းများလှူဒါန်းခြင်းဖြစ်သည်။ ကျေးလက်ပြည်သူများကို စာဖတ်စေလိုသည့်စေတနာ၊ ပညာဗဟုသုတ တိုးပွားစေလိုသည့် စိတ်စေတနာအရင်းခံများ ပေါ်ပေါက်မှုကြောင့် လှူဒါန်းကြခြင်းပင်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသောဓလေ့သည် စိတ်ရင်းစေတနာ မွန်မြတ်ကောင်းမွန်မှုဖြစ်ရာ မည်သည့်အလုပ်ကိုမဆို တာဝန်အရ ပြုလုပ်ခြင်းထက် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ခြင်းက လုပ်ငန်းအောင်မြင်တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်ထဲရေးဝန်ကြီး ဦးမောင်ဦး အမှာစကားပြောကြား

နေပြည်တော် မေ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်ရေးမှူးများက တည်ဆောက်ရေးတာဝန်ကြီးလုပ်ငန်း (၄)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီး ဦးမောင်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနား ကြည့်မြင်တိုင်အထက(၁)၌ ကျင်းပ

ရန်ကုန် မေ ၃၁

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်)၏ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက်က ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(သင်ကြား) ဦးကျော်ဝင်းမြင့်၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်နှင့် မြို့နယ်အတွင်းမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးမျိုးဦး **(အပေါ်ပုံ)**၊ ဒုတိယညွှန်ကြားရေးမှူး (သင်ကြား) ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း ၂၂ရပ်ကွက်ရှိ မူလတန်းအရွယ် ချို့တဲ့သော ကျောင်းသားကျောင်းသူလေးများအား တန်ဖိုးငွေကျပ် ၁၂၈၇၅၀၀တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ လွယ်အိတ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်သည်။ **(ပညာရေး)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဝိနယဂုဏ်ဆောင် နိဗ္ဗာန်ဆောင်** တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇနိယဉာဏ)
- ၆:၅၀ ထင်ရှားဖူးမြော် မွေတော်ကတ္တူစေတီတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃)
- ၈:၃၀ Sports World [Contender (Austria & Slovenia)]
- ၈:၅၅ Activities in the City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ)
- ၉:၁၀ ၄က်ပြတိုက် (လော့်ကားဥယျာဉ်)
- ၉:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၉:၂၅ Cartoon Show Time (Timburton's Corpse Bride)
- ၁၀:၀၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
- ၁၀:၁၅ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းတင် ဆရာဦးသော်ဇင်
- ၁၀:၄၀ ဒို့တိုင်းဌာနီ ဧရာဝတီ (မြန်မာ့စပါးကျီ သို့မဟုတ် ဧရာဝတီ)
- ၁၀:၅၅ ကြည်နူးဆွတ်ပျံ့ သာယာအဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
- ၁၁:၁၅ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
- ၁၁:၄၀ သဒ္ဒါအားမာန် ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
- ၁၁:၅၀ **ငါးရစ်မျိုးငါး.... တို့မစား** ရော၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Dagon Centre Shopping Mall (၇)နှစ်မြောက် အထူးအရောင်းမြှင့်ပွဲတော်ကြီး)
- ၁၂:၂၅ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
- ၁၂:၄၀ နွယ်ငြိမ်းရဲ့ သင်္ကေတ.... မြန်မာ့အလှ
- ၁:၀၀ **ဝိနယဂုဏ်ဆောင် နိဗ္ဗာန်ဆောင်** တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇနိယဉာဏ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Traditional Fashion)
- ၃:၂၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃)
- ၄:၀၀ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းတင် ဆရာဦးသော်ဇင်
- ၄:၂၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
- ၄:၃၅ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
- ၄:၄၅ Activities in the City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲ)
- ၅:၁၀ World of Knowledge (Mega Structure Miami Super Stadium)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (အနုဂ္ဂ၊ သံသာဝင်း)
- ၆:၅၀ သင်ကြားရေးလမ်းညွှန် (NELC Nelson English Language Centre)
- ၇:၁၅ Fashion Music Festival (Traditional Fashion)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (Timburton's Corpse Bride)
- ၉:၁၀ ဒို့တိုင်းဌာနီဧရာဝတီ (မြန်မာ့စပါးကျီ သို့မဟုတ် ဧရာဝတီ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃)
- ၁၀:၀၀ Sunday Talk
- ၁၀:၄၀ Celebrity Style (အနုဂ္ဂ၊ သံသာဝင်း)
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် [Dagon Centre Shopping Mall (၇)နှစ်မြောက် အထူးအရောင်းမြှင့်ပွဲတော်ကြီး]
- ၁၁:၃၀ ၄က်ပြတိုက် (လော့်ကားဥယျာဉ်)
- ၁၁:၄၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁၁:၅၀ **ငါးရစ်မျိုးငါး....တို့မစား** ရော၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၂:၀၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၂:၁၀ သဒ္ဒါအားမာန် ထက်ရင့်သန် မြောင်းမြမြို့ရဲ့ ဒါနဆွမ်းဆန်
- ၁၂:၂၀ ဖြူးချောင်းတံတား
- ၁၂:၃၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ၏ သတင်းစာ ပုံနှိပ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက် ပတ်ဝန်းကျင်မြို့များသို့ နေ့ချင်းအရောက် ပုံမှန်ဖြန့်ချိ

အလှမ်းဝေးသည့်မြို့များသို့ နေ့ချင်းပေါက် အချိန်မီပို့ဆောင်နိုင်ရေး အခြားကိုယ်ပွားသတင်းစာတိုက်များနှင့် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၃၀ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာပြည်ရုံးခွဲ (မန္တလေး)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတင်းစာပုံနှိပ်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ဝန်ကြီးက နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ သတင်းစာဖြန့်ဝေပို့ဆောင်မှုစနစ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်မြို့များသို့ နေ့ချင်းအရောက် ပုံမှန်ဖြန့်ချိရေး၊ အလှမ်းဝေးသည့်မြို့များသို့ နေ့ချင်းပေါက် အချိန်မီ ပို့ဆောင်နိုင်ရေးအတွက် အခြားကိုယ်ပွားသတင်းစာတိုက်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ စက်ပစ္စည်းကြံ့ခိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင် စစ်ဆေးကာကွယ်ရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး ဂရုပြုဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ရုပ်ရှင်ရုံများပြသမှုစနစ်အရည်အသွေးကောင်းမွန်အောင် အဆင့်မြှင့်တင်မှုကို မပြတ်စစ်ဆေးကြပ်မတ်ရေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးဂရုပြုဆောင်ရွက်ရေး၊ ဗီဒီယိုပြသမှုလုပ်ငန်းများ စနစ်တကျ စိစစ်ခွင့်ပြုရေးနှင့် တရားမဝင်ခိုးကူးခွေများပပျောက်ရေးအတွက် ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများရှိ တာဝါတိုင်များ၏ ကြံ့ခိုင်မှု၊ မိုးကြိုးလွှဲ တပ်ဆင်ထားမှုတို့ကို အစဉ်စစ်ဆေးထိန်းသိမ်းရေး၊ ရုပ်သံထုတ်လွှင့်မှု ပြတ်တောက်မှု မရှိအောင် ဂရုပြုစီမံဆောင်ရွက်ရေးတို့ကို လည်းကောင်း ဆွေးနွေးမှာကြားခဲ့သည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

အလေးထားကြိုးပမ်း

ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ဖြန့်ဝေမှုကို အရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် အချိန်မီပြီးစီးရန်အတွက် နှစ်စဉ်အလေးထား ကြိုးပမ်းဆောင်ရွက်ရေး၊ ပုံနှိပ်စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး စံ (၅)ချက်နှင့် ကိုက်ညီသည့် အခိုင်အမာ စာကြည့်တိုက်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ပိုမိုပျံ့နှံ့သိရှိစေပြီး ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အသိပေး စည်းရုံးဆောင်ရွက်ရေးတို့ကိုလည်းကောင်း ဆွေးနွေးမှာကြားပြီး ပုံနှိပ်စက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် မြန်မာလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း

စာရင်းဇယားများ ရေးဆွဲထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် စာရင်းဇယားများ ရေးဆွဲထုတ်လုပ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာလမ်းသွယ်ရှိ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း၏ စီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင် စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် FAO မှ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆောင်ရွက်နေသည့် TCP/ MYA/ 3301(D) Planing for the 2010 Myanmar Censes of Agriculture (MCA 2010) စီမံကိန်း ကျွမ်းကျင်ပညာရှင် Lead Consultant, Ms. Josie B. Perez က ၂၀၁၀ခုနှစ် ကမ္ဘာ့လယ်ယာသန်းခေါင် စာရင်းအစီအစဉ်နှင့်တကွ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆက်လက်ပို့ချ ဆောင်ရွက်သွားမည့် သင်တန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပို့ချသွားမည်

အဆိုပါသင်တန်းသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်နယ်၊ တိုင်း မြေစာရင်းဦးစီးဌာနများမှ ဒုတိယပြည်နယ်၊ တိုင်းမြေစာရင်းဦးစီးဌာနမှူးများ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးများနှင့် ၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်း စီမံကိန်းရုံးမှ ဦးစီးအရာရှိများနှင့် အခြားအဆင့်သင်တန်းသားစုစုပေါင်း ၃၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၁၁ ရက်အထိ ၁၂ရက်ကြာ ပို့ချမည်ဖြစ်သည်။ သင်တန်းကာလအတွင်း သင်ကြားပို့ချမှုများကို လုပ်ငန်းခွင်အတွင်း လက်တွေ့ဆောင်ရွက်ပို့ချ သင်ကြားခြင်းစနစ်ဖြင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ထိန်းချုပ်ရေးခန်းမနှင့် စခန်းအတွင်းရှိ သဘာဝဓာတ်ငွေ့ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေး Facilities များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အလုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တည်ဆောက်တပ်ဆင်ပြီးစီးသွားသည့် ကမ်းလွန်သဘာဝဓာတ်ငွေ့တိုးမြှင့် ဖြန့်ဖြူးပေးမည့် သဘာဝဓာတ်ငွေ့ထိန်းချုပ်ဖြန့်ဖြူးရေးစခန်း (အလုံ)ကို ကြည့်ရှုစစ်ဆေးသည်။

တိုးမြှင့်ဖြန့်ဖြူး

ယခုအခါ ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှုအား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းများ ဆောင်ရွက်နေရာ ပြီးစီးလုနီးပြီဖြစ်သဖြင့် မကြာမီကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)မှတစ်ဆင့် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ဂို ဒီမိုကရက်တစ်မှ ကုလတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

ကင်ရှာဆာ မေ ၃၁

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၂၀၀၀အား ဇွန်၃၀ရက်တွင် ပြန်လည်ရုပ်သိမ်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်လိုက်သည်။

နှောင့်နှေးကြန့်ကြာ

သမ္မတဂျိုးဇက်ကာဘီလာ ကြိုးပမ်းသည့်အတိုင်း လာမည့်နှစ်အတွင်း၌ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံရှိ ကုလသမဂ္ဂ တပ်ဖွဲ့ဝင် ၂၀၅၀၀ကို ပြန်လည်ရုပ်သိမ်းရေးကိစ္စမှာ ဤဆုံးဖြတ်ချက်ကြောင့် နှောင့်နှေးကြန့်ကြာသွားရသည်ဟုဆိုသည်။

၄င်းနိုင်ငံ လုံခြုံရေးအခြေအနေအရ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ကုလသမဂ္ဂအဖွဲ့ဝင် ၁၅နိုင်ငံက တညီတညွတ်တည်း မဲခွဲဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

သမ္မတဂျိုးဇက်ကာဘီလာ

အီရန်နျူအစီအစဉ် ဘရာဇီးသမ္မတ ကာကွယ်ပြောကြား

ရီယိုဒီဂျနေးရိုး မေ ၃၁

ဘရာဇီး၊ အီရန်နှင့် တူရကီနိုင်ငံတို့ လွန်ခဲ့သည့်ရက်သတ္တပတ်က လက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားလောင်စာဖလှယ်ရေးသဘောတူညီချက်နှင့် အီရန်နိုင်ငံ၏ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေသော နျူကလီးယားပြဿနာအား ငြိမ်းချမ်းစွာအဖြေရှာမှုနှင့်ပတ်သက်သည့် ဘရာဇီး၏ ကြိုးပမ်းမှုကို ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက မေ၂၈ရက်တွင် ကာကွယ်ပြောကြားလိုက်သည်။

ဖွံ့ဖြိုးတိုးတက်

အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာ အသုံးပြုခွင့်ရှိကြောင်း၊မိမိတို့အနေဖြင့် ကမ္ဘာမြေတစ်ဝန်း နျူကလီးယား လက်နက်မဲ့ဒေသဖြစ်စေရန် ကာကွယ်မည်ဖြစ်ပြီး နျူကလီးယားစွမ်းအားသည် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာဖြစ်ရမည်ဖြစ်ပြီး ခြိမ်းခြောက်မှုအတွက် မဟုတ်ကြောင်း စသည်ဖြင့် ဘရာဇီးသမ္မတ လူလာက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဘီအက်စ်အီးစီ အစည်းအဝေး
အီရန်နိုင်ငံခြားရေးဝန်ကြီး တက်ရောက်

တီဟီရန် မေ ၃၁

အီရန်နိုင်ငံခြားရေးဝန်ကြီး မာနော့ချာမော့တာကီသည် ဘူလ်ဂေးရီးယားနိုင်ငံ၌ကျင်းပသည့် ပင်လယ်နက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ဘီအက်စ်အီးစီ) အစည်းအဝေးတက်ရောက်ရန်အတွက် တီဟီရန်မြို့မှ မေ ၂၈ရက်က ထွက်ခွာသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပိုင်ဆိုင်ထား

အဆိုပါ ဘီအက်စ်အီးစီအဖွဲ့မှာ နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်ပြီး ပင်လယ်နက်ကမ်းခြေဒေသတွင်း နိုင်ငံများ၏ ပိုင်နက်များ၊ ဘော်လကန်နှင့် ကော့ကေးဆပ်နယ်များ အကျုံးဝင်ပြီး ကမ္ဘာ့အကြီးဆုံးရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးကို ပိုင်ဆိုင်ထားသည့် ဒေသလည်းဖြစ်သည်။

အဆိုပါ ပင်လယ်နက်ဒေသတွင်း နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၀၉ခုနှစ် ဧပြီလအတွင်း၌ အီရန်နိုင်ငံကို ကုန်သွယ်ဖက်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။

နယ်ပယ်ကဏ္ဍ

ယင်းသို့ အသိအမှတ်ပြုခြင်းဖြင့် အီရန်နိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်အပြင် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပါအဝင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းစသည့် နယ်ပယ်ကဏ္ဍပေါင်းစုံနှင့်စပ်လျဉ်းသည့် အဆင့်မြင့်ဆွေးနွေးပွဲများသို့ တက်ရောက်ခွင့်ရရှိခဲ့သည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် အက်ပဲကုမ္ပဏီ၏ အိုင်ပေါ့ဖုန်း အရောင်းမြှင့်တင်ရေးပွဲတော်အတွင်း လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ဖနောင်ပင် မေ ၃၁

ကမ္ဘောဒီးယားအထက်လွှတ်တော်ဥက္ကဋ္ဌ ချီယာဆင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံ (စီပီပီစီစီ) အမျိုးသားကော်မတီ၏ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌမစ္စတာကျောက် ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံဆွေးနွေးကြောင်း အင်တာနက်သတင်း၌ မေ၂၉ရက်က ဖော်ပြသည်။

ကမ္ဘောဒီးယားအထက်လွှတ်တော်၏ ဖိတ်ကြားချက်အရ (စီပီပီစီစီ)အမျိုးသားကော်မတီ၊ နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ မစ္စတာကျောက်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၌ လေးရက်ကြာလည်ပတ်ရန် ဖနောင်ပင်သို့ မေ၂၈ရက်က ရောက်ရှိလာခြင်းဖြစ်သည်။ ဤခရီးစဉ်မှာ ကမ္ဘောဒီးယားနှင့်တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်နှင့်အစဉ်အလာအရချစ်ကြည်မှု ပိုမိုခိုင်မာစေရေးအတွက် ရည်ရွယ်သည့် ခရီးစဉ်ဖြစ်သည်။

ကမ္ဘောဒီးယားနှင့်တရုတ်နိုင်ငံတို့သည် သမိုင်းကြာရှည်စွာ ချစ်ကြည်မှုရှိခဲ့ကြကြောင်း၊ လွန်ခဲ့သည့် ရာစုဝက်ကာလအတွင်း နှစ်နိုင်ငံ၏ဆက်ဆံရေး မြင့်မားခဲ့သည်ဟု ချီယာဆင်က ပြောကြားသည်။

ကမ္ဘောဒီးယား တော်ဝင်အစိုးရ၏ ကြိုးပမ်းမှုကြောင့် ကဏ္ဍစုံအောင်မြင်ခဲ့ပြီး နိုင်ငံရေးတည်ငြိမ်မှုနှင့်လူမှုရေးအရငြိမ်းချမ်းမှုရှိခဲ့သည့်အပေါ် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မစ္စတာကျောက်က ချီးကျူးစကား ပြောကြားခဲ့သည်။ **(အင်တာနက်)**

တရုတ်နှင့်ဖင်လန်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်သဘောတူ

ပေကျင်း မေ ၃၁

တရုတ်နှင့် ဖင်လန်သံတမန်ဆက်သွယ်သည့် အကြိမ်(၆၀)မြောက် နှစ်ပတ်လည် အခမ်းအနားကျင်းပစဉ် တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် ဖင်လန်နိုင်ငံသမ္မတ မီးစ်တာဂျာဟာလိုနန်တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရန်မေ၂၉ရက်က သဘောတူညီကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တိုးမြှင့်

ဖင်လန်အစိုးရအနေဖြင့် တရုတ်အစိုးရနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးအပါအဝင် နိုင်ငံတကာရေးရာနှင့် ဒေသတွင်းဆိုင်ရာကာကွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်း ဖင်လန်သမ္မတ မီးစ်ဟာလိုနန်က ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်မြောက်ပိုင်းလေကြောင်းစစ်ဆင်ရေး စစ်သွေးကြွ၂၅ဦး သေဆုံးဟုဆို

ကာဘူးလ် မေ ၃၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂ်လန်ပြည်နယ်၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တာလီဘန်တပ်မှူးနှစ်ဦးအပါအဝင် စစ်သွေးကြွ ၂၅ဦးသေဆုံးခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က မေ၃၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီးရမိ

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို မေ ၂၈ရက် ညပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သီးခြားစစ်ဆင်ရေးအတွင်း ဒိုရှီခရိုင်နှင့် ခင်ဂျန်ခရိုင်စစ်သွေးကြွများထဲမှ လေးဦးကို အာဖဂန်တပ်ဖွဲ့က မေ ၂၈ရက်၌ လက်ရဖမ်းဆီးရမိသည် ဟုဆိုသည်။

ထိုးစစ်ဆင်

ဥရုဇ်ဂန်ပြည်နယ်တောင်ပိုင်း၌ ဖေဖော်ဝါရီလအတွင်းက အမေရိကန် လေကြောင်းစစ်ဆင်ရေးအတွင်း အရပ်ဘက်ယာဉ်တန်းကို ထိမှန်သဖြင့် အပြစ်မဲ့အာဖဂန်ပြည်သူ ၂၃ဦးထက်မနည်း သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က ဝန်ခံပြောကြားခဲ့ပြီးနောက်ပိုင်းတွင် ယခုကဲ့သို့လေကြောင်းမှ ထပ်မံထိုးစစ်ဆင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဘိုးရင်းကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သည့် ဟိုက်ပါဆောနစ် အိစ်-၅၁ အေ အမျိုးအစား တိုက်လေယာဉ်ကို မေ ၂၉ ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)



အီရန် နျူအစီအစဉ်ကိစ္စ အမေရိကန် သတိပေး

ဝါရှင်တန် မေ ၃၁

အီရန်၏နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် တီဟီရန်ကြေညာချက်ထုတ်ပြန်ပြီး ရက်သတ္တပတ်အကြာ၌ အီရန်၏ နျူကလီးယား အစီအစဉ်ကိစ္စတွင် အီရန်အနေဖြင့် တွေ့ဆုံညှိနှိုင်းအဖြေရှာမည်လော သို့မဟုတ် အထီးကျန်ဘဝအရောက်ခံမည်လော ဟူ၍ အမေရိကန်နိုင်ငံက ထုတ်ဖော်ပြောကြားသည်။

သတိပေး

အမေရိကန်သမ္မတအိုဘားမားအစိုးရက ယင်း၏အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် မြောက်ကိုရီးယားသည် ယင်း၏ နျူကလီးယားထိပ်ဖူးများကို ဖယ်ရှားပစ်ရန်နှင့် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားမပြန့်ပွားရေးစာချုပ်(အင်န်ပီတီ)အရ စောင့်ထိန်းရမည့်တာဝန်များကို လေးစားလိုက်နာရန်တောင်းဆိုလျက် အမေရိကန်က အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို သတိပေးလိုက်သည်။

စံချိန်စံညွှန်း

နိုင်ငံတကာဆိုင်ရာ စောင့်ထိန်းရမည့်တာဝန်များကို လျစ်လျူပြုလျှင် မိမိတို့အနေဖြင့် ထိုနှစ်နိုင်ငံကိုဝိုင်းပယ်ထားပြီး နိုင်ငံတကာ အဏုမြူမပြန့်ပွားရေး စံချိန်စံညွှန်းများနှင့်အညီ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ ကျင်းပသည့် ပဒေသာကပွဲအတွင်း လျောင်နင်းပြည်နယ်မှ အလှမယ်တစ်ဦး ကပြဖျော်ဖြေနေသည်ကို မေ ၃၀ ရက်ကတွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဖဂန်အရှေ့ပိုင်း ဗုံးဖောက်ခွဲမှု လေးဦးဒဏ်ရာရ

ခို့စ် မေ ၃၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်မြို့၌ မေ၂၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဒဏ်ရာရ

ခို့စ်မြို့တော် ဆာဂါဒင်ဥယျာဉ်အတွင်းရှိ ရေခဲမုန့်ဆိုင်အတွင်း မေ၃၀ရက် နံနက်စနာရီ၄၅မိနစ်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၁၄နှစ်အရွယ် လူငယ်လေးတစ်ဦးအပါအဝင် အရပ်သားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အသေခံဗုံးခွဲ

ပါကစ္စတန်နိုင်ငံနှင့် နယ်ချင်းစပ်နေသည့် ၄င်းဒေသ၌ လွန်ခဲ့သည့်နှစ်လအတွင်း အသေခံဗုံးခွဲမှုနှင့် ဗုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့ရာ ကျောင်းဆရာလေးဦးနှင့် ကျောင်းသားခြောက်ဦးအပါအဝင် ၁၆ဦး ဒဏ်ရရှိခဲ့သည်။ **(အင်တာနက်)**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

စိန်ခေါ်လာသည့် ပင်လယ်ဓားပြများ၏ ခြိမ်းခြောက်မှုအန္တရာယ်

တိုး ရေးသားသည်

ဆိုမာလီပင်လယ်ဓားပြငါးဦးကို နယ်သာလန်နိုင်ငံ ရော့တာဒမ်ခရိုင်တရားရုံးက စစ်ဆေးတော့မည်ဖြစ်ရာ ယင်းမှာ ဆိုမာလီပင်လယ်ဓားပြများကို ဥရောပတိုက်တွင် ပထမဆုံး တရားစီရင်ခြင်းဖြစ်သည်။



၁၈ရာစု က တူရကီ သင်္ဘော တစ် စင်း ကို ပင် လယ် ဓား ပြ များ တိုက်ခိုက်ခဲ့ စဉ်က ….။

အေဒင်ပင်လယ်ကွေ့မှ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်းက ဒိန်းမတ်အစောင့် လိုက် သင်္ဘောက ၎င်းတို့ငါးဦးကို ဖမ်းဆီး လိုက်ခြင်းဖြစ်ပြီး ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၁၂ နှစ်အထိ ကျခံရဖွယ်ရှိသည်။

အထောက်အထား

၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ဓားပြမှု ၄၀၀ ခန့်ရှိသည့်အနက် အေဒင်ပင်လယ်ကွေ့တွင် အမှုပေါင်း ၂၀၀ကျော် ကျူးလွန်ခဲ့သည်။ မကြာမီနှစ်များအတွင်းက အေဒင်ပင်လယ်ကွေ့မှ ပင်လယ်ဓားပြမှုဖြင့် မသင်္ကာသူများအား ဖမ်းမိသော်လည်း အထောက်အထားမလုံလောက်သဖြင့် လွှတ်ရသည်မှာလည်း မနည်းလှပေ။

ပင်လယ်ဓားပြများသည် အထူးသဖြင့် ပင်လယ်နီနှင့် အိန္ဒိယသမုဒ္ဒရာအကြား ဆိုမာလီကမ်းလွန်တွင် လည်းကောင်း၊ စင်ကာပူနှင့် မလက္ကာရေလက်ကြားတွင်လည်းကောင်း သောင်းကျန်းလာကြသည်ကို သတိပြုမိသည်။

ပေါ်ပေါက်

အမှန်စင်စစ် ပင်လယ်ဓားပြမှုသည် ကူးသန်းရောင်းဝယ်ရေးအတွက် ပင်လယ်သမုဒ္ဒရာများကိုဖြတ်ကာ သင်္ဘောများ လွန်းပြန်ပြေးဆွဲမှုစတင်ချိန်မှစ၍ ပေါ်ပေါက်လာခဲ့သည်ဟု ယူဆရန် သင့်မြတ်ပေသည်။ ခရစ်မပေါ်မီ ၁၃ရာစုက အေဂျင်နှင့် မြေထဲပင်လယ်တွင် ပင်လယ်ပျော်များ၏ ခိုးဆိုးတိုက်ခိုက် ခေါင်းပုံဖြတ်ကတည်းက ပင်လယ်ဓားပြမှုများ၏ အစောဆုံး အထောက်အထားများအဖြစ် တွေ့ခဲ့ရသည်။ အီလီရီယန်များနှင့် တာရင်နီယန်များသည် ပင်လယ်ဓားပြများအဖြစ် ထင်ရှား ကျော်ကြားခဲ့သည်။ ထိုခေတ် ထိုအခါက ဖိုနီးရှန်းများ ခရီးထွက်သောအခါ တစ်ခါတစ်ရံတွင် ပင်လယ်ဓားပြမှုများ ကျူးလွန်တတ်သည်။ ကျွန်အဖြစ် ရောင်းစားရန်အတွက် သူတို့သည် လူငယ်၊ လုံမငယ်များကို ပြန်ပေးဆွဲရာ၌ ကျွမ်းကျင်ကြသည်ဟုဆိုသည်။

ခရစ်မပေါ်မီ ၃ ရာစုတွင် ပင်လယ်ဓားပြများက အနာတိုလီယာမြို့တော် အိုလံပို့စ်ကို တိုက်ခိုက်ဖျက်ဆီးပစ်သည်။ ခရစ်မပေါ်မီ ၁ ရာစုတွင် အနာတိုလီယန်ကမ်းခြေတစ်လျှောက်၌ ပင်လယ်ဓားပြမြို့ပြနိုင်ငံများ ရှိခဲ့သည်။ မြေထဲပင်လယ်အရှေ့ပိုင်းမှ ရောမအင်ပါယာ၏ ကူးသန်းရောင်းဝယ်ရေးကို ထိပါးနှောင့်ယှက်ခဲ့သည်။ ဘီစီ ၇၅ တွင် အေဂျင်ပင်လယ်ကို ဖြတ်ကျော်စဉ် ဂျူးလီးယက်ဆီဇာကိုယ်တိုင် ပင်လယ်ဓားပြများ၏ အကျဉ်းသားဘဝ ကျရောက်ခဲ့ဖူးသည်။ ပင်လယ်ဓားပြများလက်မှ လွတ်လာပြီး ဂျူးလီးယက်ဆီဇာက ၎င်းတို့ကို နှိမ်နင်းချေမှုန်းလိုက်ရသည်။

သောင်းကျန်း

၂၅၈ခုနှစ်တွင် ပင်လယ်နက်နှင့် မာမရာ ပင်လယ်ကမ်းခြေမြို့များကို ဂေါသစ်နှင့် ဟာရူလစ် သင်္ဘောများက ဖျက်ဆီးပစ်သည်။ အလယ်ခေတ်အစောပိုင်း ဗိုက်ကင်းခေတ်တွင် စကင်ဒီနေးဗီးယားမှ ဗိုက်ကင်းများ၊ လုယက်သူများသည် အနှံ့အစပ်ရောက်သည့် ပင်လယ်ဓားပြများပင် ဖြစ်သည်။ ၎င်းတို့သည် ၇၈၃ ခုနှစ်မှ ၁၀၆၆ ခုနှစ်အထိ အထူးသောင်းကျန်းခဲ့ကြသည်။ ဗိုက်ကင်းများသည် မြောက်အာဖရိကနှင့် အီတလီကမ်းခြေတို့ကိုပါ တိုက်ခိုက်တတ်ကြသည်။ အလယ်ခေတ်တွင် ဥရောပ၌ ဗဟိုချုပ်ကိုင်မှုအင်အားမရှိသည့်အတွက် ဥရောပတိုက်တွင် ပင်လယ်ဓားပြများ သောင်းကျန်းနိုင်ခြင်းဖြစ်သည်။ ထိုအတောအတွင်း မြေထဲပင်လယ်၌ မွတ်စလင်ပင်လယ်ဓားပြများကိုလည်း တွေ့ရတတ်ပြန်သည်။

လွှင့်ထူ

အိန္ဒိယသမုဒ္ဒရာကမ်းခြေ၊ အရှေ့အာရှ၊ အရှေ့ဥရောပနှင့် မြောက်အာဖရိက၊ ကာရစ်ဘီယံဒေသတို့တွင် ပင်လယ်ဓားပြ သောင်းကျန်းမှုများ အသီးသီးရှိသည်။ ပင်လယ်ဓားပြများသည် သင်္ဘောတစ်စင်းကို အပိုင်စီးတော့မည်ဆိုလျှင် သူတို့၏ ဂျော်လီရောဂျား အရိုးခေါင်းအလံကို လွှင့်ထူတတ်ကြသည်။ ယင်းမှာ ဥရောပနှင့် အမေရိကန်ပင်လယ်ဓားပြများ၏ အစဉ်အလာအလံပင်ဖြစ်သည် ဆို၏။

မျက်မှောက်ခေတ်တွင် ပင်လယ်ပြင်သင်္ဘောများကို တိုက်ခိုက်နေသည့် ပင်လယ်ရေကြောင်း ဓားပြများ၏ အန္တရာယ်မှာ ကြီးထွားလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ဓားပြများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံမှ ၁၆ ဘီလီယံအထိ ဆုံးရှုံးနစ်နာလျက်ရှိသည်။ အထူးသဖြင့် တစ်နှစ်လျှင် သင်္ဘောစင်းရေ ၅၀၀၀၀ ကျော် ဖြတ်သန်းအသုံးပြုနေသည့် ပင်လယ်နီနှင့် အိန္ဒိယသမုဒ္ဒရာအကြား ဆိုမာလီကမ်းလွန်ဒေသ၊ စင်ကာပူနှင့် မလက္ကာရေလက်ကြားတို့တွင် ပင်လယ်ဓားပြများ ခြေရှုပ်လျက်ရှိသည်ကို တွေ့နိုင်သည်။

လှုပ်ရှား

စစ်အေးတိုက်ပွဲ ပြီးဆုံးခြင်းနှင့်အတူ နိုင်ငံပိုင်ရေတပ်များက အင်အားလျှော့ကာ ကုန်သွယ်ရေး တိုးမြှင့်လိုက်သောအခါ ဂိုဏ်းဖွဲ့ပင်လယ်ဓားပြများအတွက် လုယက်တိုက်ခိုက်မှုကျူးလွန်ရန် ပိုမိုအခွင့်သာသွားရသည်။ ယခုခေတ် ပင်လယ်ဓားပြများသည် သင်းဖွဲ့ဂိုဏ်းဖွဲ့ ရာဇဝတ်ကောင်များနှင့် မကြာမကြာ ဆက်သွယ်လှုပ်ရှားကြသည်ကိုလည်း တွေ့ရသည်။

နိုင်ငံတကာ ရေကြောင်းသွားလာရေးအဖွဲ့(အိုအမ်အို)က ပင်လယ်ဓားပြ တိုက်ခိုက်မှုစာရင်းများကို ၁၉၉၅ခုနှစ်မှစ၍ ပြုစုထားသည်။ ဥပမာ ၂၀၀၆ခုနှစ်က ဆိုလျှင် ဓားပြတိုက်မှု၂၃၉မှု၊ သင်္ဘောသား ၇၇ဦး ပြန်ပေးဆွဲခံရပြီး ဓားစာခံအဖြစ် ၁၈၈ဦးခေါ်ကာ လူသတ်မှု၁၅မှုရှိခဲ့သည် ဆို၏။ ၂၀၀၇ခုနှစ်တွင် ဓားပြတိုက်မှု ၁၀ရာခိုင်နှုန်းတိုးကာ ၂၆၃မှု ဖြစ်သည်။ ၂၀၀၉ခုနှစ် ပထမ ကိုးလအတွင်းတွင် အေဒင်ပင်လယ်ကွေ့၊ ဆိုမာလီ ကမ်းလွန်တို့တွင် ပင်လယ်ဓားပြတိုက်မှု ပိုများသည့်အတွက် ယမန်နှစ်ကထက် ဓားပြမှု ပိုများလာသည်။

ရည်ရွယ်

မျက်မှောက်ကာလ ပင်လယ်ဓားပြမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် သင်္ဘောပေါ် အဓမ္မတက်ခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်း၊ ဓားစာခံဖမ်းခြင်း၊ ငွေပေး၍ ပြန်ရွေးယူရန်အတွက် ပြန်ပေးဆွဲခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်း၊ နောက်ပိုင်း သင်္ဘောနစ်မြုပ်စေသည့် တမင်ဖျက်ဆီးမှု၊ သင်္ဘောသို့မဟုတ် ပစ္စည်းသိမ်းယူခြင်း ရည်ရွယ်ချက်ဖြင့် သင်္ဘောကိုဖျက်ဆီးခြင်းတို့ ပါဝင်သည်။

မျက်မှောက်ခေတ်သမယတွင် သင်္ဘောနှင့် လေယာဉ်များကို နိုင်ငံရေးအခြေခံဖြင့် အပိုင်စီးပြန်ပေးဆွဲမှုများလည်း ရှိသည်။ ထိုသို့သောပြစ်မှုများကို ကျူးလွန်သူများအား ပင်လယ်ဓားပြအပိုင်စီးသူများဟု သတ်မှတ်နိုင်သည်။ ခေတ်သစ်ပင်လယ်ဓားပြများသည် အဆင့်မြင့် နည်းပညာများကိုလည်း အသုံးပြုကြောင်းတွေ့နိုင်သည်။ သူတို့သည် မိုဘိုင်းလ်ဖုန်းများ၊ ဂြိုဟ်တုဖုန်းများ၊ ဂျီပီအက်စ်၊ ဆိုနာစနစ်များ၊ ခေတ်မီစပိဘုတ်များ၊ တိုက်ခိုက်ရေးဓားများ၊ တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်များ၊ ပြောင်းချောသေနတ်၊ ပစ္စတို၊ စက်သေနတ်၊ ဒုံးပစ်လောင်ချာနှင့် လက်ပစ်ဗုံးလောင်ချာများကို သုံးစွဲသည်။

စောင့်ကြပ်

ထို့ကြောင့်ပင် ယခုအခါ အိန္ဒိယသမုဒ္ဒရာအတွင်း ဆိုမာလီကမ်းလွန်၌ နိုင်ငံတကာရေတပ်သင်္ဘောများ စောင့်ကြပ်လျက်ရှိသည်။ ပင်လယ်ဓားပြများကို ဖမ်းမိသည်မှာလည်းမနည်းလှ။ သို့သော် ဖမ်းမိသော သင်္ကာမကင်းသူများအား မည်သို့ အရေးယူမည်လောဟူသည့် ၂၁ရာစု ပင်လယ်ဓားပြမှုအပေါ် ဥပဒေရေးရာအစီအမံများက စွမ်းဆောင်ဖြေရှင်းနိုင်ပါမည်လောဟူသည့် မေးခွန်းက ပေါ်ထွက်လာနေပေပြီ။

ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းက ပင်လယ်ဓားပြမှုသည် နိုင်ငံတကာရာဇဝတ်မှု တစ်ရပ်ဖြစ်ကြောင်း၊ အချုပ်အခြာ အာဏာပိုင်နိုင်ငံတိုင်း ဖမ်းဆီးတရားစီရင်ခွင့်ရှိကြောင်း အာဏာအပ်နှင်းထားသည်။

သို့သော် မည်သည့်နိုင်ငံက ထိုသို့အရေးယူဆောင်ရွက်ရန် ဆန္ဒရှိပါသနည်း။ အထောက်အထား၊ သက်သေများ တစုတစည်းရရန်မလွယ်ကူသကဲ့သို့ စရိတ်စကကလည်း မသေးပေ။

လောလောဆယ်တွင် ဆိုမာလီနိုင်ငံ၏ အိမ်နီးချင်း ကင်ညာနိုင်ငံ၌ ဆိုမာလီပင်လယ်ဓားပြ ၁၀၀ ကျော်ရှိသည်။ တာဝန်ကြီး၍ နောက်ထပ်လက်ခံပြီး တရားစစ်ဆေးရန် လက်မခံနိုင်တော့။ စာချုပ်များအရ ဆောင်ရွက်ရသော်လည်း လိုသလောက် ပံ့ပိုးမှု မရဟုဆိုသည်။ ပင်လယ်ဓားပြ နှိမ်နင်းရေးမှာ ကင်ညာနိုင်ငံ၏ အကျိုးစီးပွားနှင့် ဆက်နေသည်မှန်သော်လည်း တစ်နိုင်ငံတည်း ဒိုင်ခံဖြေရှင်းရေးမှာ တရားမျှတရာ မရောက်ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းက ဝိုင်းဝန်းအဖြေရှာသင့်ကြောင်း တကယ့်ဖြစ်ရပ်က ဖော်ညွှန်းလျက်ရှိပေသည်။ ။

ကိုးကား-အင်တာနက်

၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ဓားပြမှု ၄၀၀ ခန့်ရှိသည့်အနက် အေဒင်ပင်လယ်ကွေ့တွင် အမှုပေါင်း ၂၀၀ကျော် ကျူးလွန်ခဲ့၊ မကြာမီနှစ်များအတွင်းက အေဒင်ပင်လယ်ကွေ့မှ ပင်လယ်ဓားပြမှုဖြင့် မသင်္ကာသူများအား ဖမ်းမိသော်လည်း အထောက်အထားမလုံလောက်သဖြင့် လွှတ်ရသည်မှာလည်း မနည်းလှ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျပန်နှင့်တရုတ်ဝန်ကြီးချုပ်နှစ်ဦး အရေးပေါ်ဖုန်းလိုင်းဖွင့်

ဂျပန်နှင့်တရုတ် ဝန်ကြီးချုပ်နှစ်ဦးတို့သည် အရေးပေါ်ဆက်သွယ်နိုင်သည့် ဖုန်းလိုင်းတစ်လိုင်းတပ်ဆင်ရေး သဘောတူညီမှုရရှိခဲ့ကြောင်း တရုတ်အရာရှိများက မေ ၃၁ရက်၌ ဖော်ပြသည်။

တောင်ကိုရီးယား စက်မှုထုတ်ကုန်များတိုးတက်

တောင်ကိုရီးယားနိုင်ငံ၏ စက်မှုထုတ်ကုန်များတိုးတက်မှုမှာ ပြီးခဲ့သည့်ဧပြီလက ၁၉ ဒသမ ၉ရာခိုင်နှုန်းရှိရာ နှစ်ချင်းအလိုက်တိုးတက်မှုမြင့်မားခဲ့ကြောင်း တောင်ကိုရီးယား သုတေသနဌာနအရာရှိများက မေ ၃၁ရက်၌ ပြောကြားသည်။

တရုတ်ရှန်စီပြည်နယ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ

တရုတ်နိုင်ငံ ရှန်စီပြည်နယ် ချန်ကျိုမြို့အနီးမှ ကျောက်မီးသွေးတွင်းတစ်တွင်းသည် မေ ၃၁ရက်နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၇ဦး သေဆုံးခဲ့ကြောင်း ချန်ကျိုမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နှင့်ဩစတြေးလျ တိုက်ရိုက်လေကြောင်းလိုင်းဖွင့်လှစ်

တရုတ်နှင့် ဩစတြေးလျနှစ်နိုင်ငံတို့သည် ၁၉၉၇ခုနှစ်မှစတင်ကာ လေကြောင်းလိုင်းပျံသန်းမှုရှိခဲ့သော်လည်း မေ ၃၁ ရက်မှစတင်ကာ ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်နှင့် တိုက်ရိုက်လေကြောင်းလိုင်း ဖွင့်လှစ်လိုက်ကြောင်း နှစ်နိုင်ငံကိုယ်စားလှယ်များက ပြောကြားသည်။

ဟွန်ဒူးရပ်စ်၌ မိုးသည်းထန်စွာရွာသွန်းမည် သတိပေး

ဟွန်ဒူးရပ်စ်နိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ လာမည့်ရက်အနည်းငယ်အထိ ဆက်လက်မိုးရွာမည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်သည်။ ***(အောက်ပုံ)***



ကမ္ဘောဒီးယားပြည်နယ်လေးခု ဖွံ့ဖြိုးရေးဆောင်ရွက်မည်

ကမ္ဘောဒီးယားနိုင်ငံရှိ ကမ်းရိုးတန်းဒေသပြည်နယ်လေးခုတွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုဆောင်ရွက်ရန် စီမံကိန်းချမှတ် လုပ်ကိုင်မည်ဖြစ်ရာ လာမည့်နှစ်ပေါင်း ၂၀ အတွင်း အပြီးဆောင်ရွက်သွားမည်ဟု ကမ္ဘောဒီးယားအစိုးရက မေ ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်တွင် မေ ၃၁ရက် ဈေးပိတ်ချိန်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၀၉ ဒသမ ၉၉ရာခိုင်နှုန်းရှိနေကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

နီပေါ၌ လူငယ်ပြုပြင်ရေးဌာနအသစ်များ ဖွင့်လှစ်မည်

နီပေါနိုင်ငံတစ်ဝန်းတွင် လူငယ်ပြုပြင်ရေးဌာနအချို့ရှိခဲ့သော်လည်း လိုအပ်ချက်အရ ယခုအခါ လူငယ်ပြုပြင်ရေးဌာနသစ်သုံးခုကို တိုးချဲ့ဖွင့်လှစ်ရန် နီပေါအစိုးရက မေ ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

အစ္စရေးတောင်ပိုင်း ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဂါဇာကမ်းမြောင်ဒေသမှ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက မေ ၃၁ရက်၌ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။ ***(အင်တာနက်)***

မိတ္ထီလာ-မလှိုင်လမ်းပိုင်းတွင် ကတ္တရာလမ်းခင်းပြီးမှ တစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ရသည်မှာ....။

❍ *ရှေ့ဖုံးမှ*

မော်တော်ကားလမ်းကို အဆင့်မြှင့်တင်ထားသဖြင့် သိသာစွာကောင်းမွန်နေကြောင်း သတိပြုမိသည်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပေါက်ဖာလုပ်ငန်းများ ဆက်တိုက်လုပ်ဆောင်နေသဖြင့် မလှိုင်-မိတ္ထီလာ ကားလမ်းပိုင်း၌ မော်တော်ယာဉ်များ ဥဒဟိုမောင်းနှင်သွားလာနိုင်ကြပေပြီ။

လေ့လာ

မလှိုင်မြို့သို့ သတင်းအဖွဲ့ရောက်ရှိစဉ် မိတ္ထီလာ-မြင်းခြံ ကားလမ်းပိုင်းကို ထွန်းညီလူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တာဝန်ယူကာ အဆင့်မြှင့်တင်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသဖြင့် လက်တွေ့ကွင်းဆင်းလေ့လာရန် မော်တော်ယာဉ်ဖြင့် ထွက်ခဲ့ခြင်းဖြစ်သည်။

လုပ်ကိုင်

မလှိုင်မြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာခဲ့ရာ မကြာမီ မော်တော်ကားလမ်း ပြုပြင်နေသည့်လုပ်ငန်းခွင် တစ်နေရာအရောက် ကားပေါ်မှဆင်းကာ လေ့လာမိသည်။ ထို့နောက် လက်ရှိလုပ်ကိုင်နေသည့် လမ်းပြုပြင်နေသည့်အခြေအနေကို တာဝန် ရှိသူတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။

''ဒါကတော့ မလှိုင် - မိတ္ထီလာ လမ်းပိုင်းရဲ့ လှိုင်းဖြေရေပိတ်ကတ္တရာလောင်းနေတာပါ။ ကျွန်တော်တို့အနေနဲ့ မိတ္ထီလာ-မြင်းခြံလမ်းပိုင်းဖြစ်တဲ့ အရှည် ၅၅မိုင် ၁ဖာလုံကို တာဝန်ယူ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်'' ဟု လမ်းပိုင်းတာဝန်ခံ အင်ဂျင်နီယာ ဦးဉာဏ်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

လျှင်မြန်

မော်တော်ကားလမ်း အဆင့်မြှင့်တင်ရေးလုပ်ကိုင်ရာတွင် လမ်းမျက်နှာပြင်မြေညှိခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊

လမ်းပေါက်ဖာခြင်း၊ လမ်းတစ်ဖက်တစ်ချက် လမ်းပခုံးများပြုလုပ်ခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်နေမှုကိုတွေ့ရသည်။ ယန္တရားများ အကူအညီဖြင့် ဆောင်ရွက်မှုကြောင့် လုပ်ငန်းများသပ်ရပ်လျင်မြန်စွာ ပြီးစီးကြောင်း ညီညာဖြောင့်ဖြူးသော ကတ္တရာလမ်းများက ဖော်ပြနေသည်။

''ကျွန်တော်တို့အနေနဲ့ မိတ္ထီလာ-မြင်းခြံကားလမ်းပိုင်းကို အဆင့်မြှင့်တင်တဲ့ နေရာမှာ အရှည် ၁၀ မိုင် ၄ ဖာလုံရှိတဲ့ မိတ္ထီလာ-မလှိုင် လမ်းပိုင်း၊ အရှည် ၁၆ မိုင် ၄ ဖာလုံ ရှိတဲ့ မလှိုင်မြို့နယ်တွင်းလမ်းပိုင်း၊ အရှည် ၂၁ မိုင် ၁ ဖာလုံ ရှိတဲ့ တောင်သာမြို့နယ်တွင်း လမ်းပိုင်းနဲ့ အရှည်ခုနစ်မိုင်ရှိတဲ့ မြင်းခြံမြို့နယ်တွင်း လမ်းပိုင်းတွေကို အပိုင်းလိုက်သတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်'' ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

သတင်းအဖွဲ့ရောက်ရှိချိန်တွင် သပြေရွာအနီးလမ်းပိုင်း၌ ရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မလှိုင် - မိတ္ထီလာ လမ်းပိုင်းတွင် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ပြီးစီးလုနီးပါးဖြစ်နေသဖြင့် မော်တော်ယာဉ်များကို စိတ်အေးချမ်းသာစွာ မောင်းနှင်သွားလာနိုင်ကြပေပြီ။

မိတ္ထီလာ-မြင်းခြံလမ်းပိုင်းကို အဆင့်မြှင့်တင်ရာတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပထမနှစ်၌ လှိုင်းဖြေရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဒုတိယနှစ်၌ မော်တော်ကားလမ်း တာပေါင်ချဲ့ခြင်းလုပ်ငန်းများ လုပ်ကိုင်မည်ဖြစ်သည်။ တတိယနှစ်တွင် မော်တော်ကားလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး စနစ်တကျဖြင့် လုပ်ကိုင်ခြင်းဖြစ်ရာ လမ်းလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်နေသည့်တိုင် မော်တော်ယာဉ်များ ပုံမှန်မောင်းနှင်သွားလာနိုင်စေရေး စီစဉ်ထားကြောင်း သိရသည်။

တံတားများ

မော်တော်ကားလမ်းကို အဆင့်မြှင့်တင်ရာတွင် မိတ္ထီလာ-မြင်းခြံ လမ်းပိုင်းအတွင်း တံတားငယ် ၁၈ စင်းကို ပြန်လည်တိုးချဲ့ တည်ဆောက်ရမည်ဖြစ်သည်။ လက်ရှိပြီးစီးသွားပြီဖြစ်သော ကားလမ်းပိုင်း၌ တန်၆၀ အထက်ယာဉ်ကြီးများကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ လမ်းပျက်စီးစေနိုင်သော သံဘီးတပ်လှည်းများနှင့် ယာဉ်များကိုလည်း ဖြတ်သန်း အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း သိရသည်။ မိတ္ထီလာ-မလှိုင် ကားလမ်းပိုင်း အဆုံးအထိ မော်တော်ယာဉ်ဖြင့် လေ့လာခဲ့ရာ လမ်းပိုင်းတစ်လျှောက် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ မောင်းနှင်နိုင်ကြောင်း တွေ့ရသည်။

ယန္တရားများ အသုံးပြု၍ လှိုင်းဖြေရေပိတ်လွှာ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

ဖြတ်သန်း

မိတ္ထီလာ-မြင်းခြံ ကားလမ်းပိုင်းသည် မလှိုင်မြို့နှင့် တောင်သာမြို့များကို ဖြတ်သန်းလျက်ရှိသည့်အပြင် ရန်ကုန် - မန္တလေး အမြန်ကားလမ်း၊ မလှိုင်မြို့နယ်တွင် ဖြတ်သန်းဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက် ကားလမ်းနှင့် ကျောက်ပန်းတောင်းသို့သွားရာ ကားလမ်းများကိုလည်း ဖြတ်သန်းထိစပ်နေသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

အလှတိုး

ထို့ကြောင့် မိတ္ထီလာ - မြင်းခြံ ကားလမ်းပိုင်းသည် လမ်းအဆင့်မြှင့်တင်မှုနှင့် တိုးချဲ့မှုလုပ်ငန်းများကြောင့် ဒေသဖွံ့ဖြိုးရေးကို အသွင်တစ်မျိုးဖြင့် အလှတိုးစေတော့မည်ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက်အဖြစ် ကွင်းဆင်းလေ့လာရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

လမ်းလုပ်ငန်းများအတွက် ကျောက်ကုန်ကြမ်းများရရှိရန် ကျောက်ခွဲစက်ဖြင့် ဤသို့ အဆက်မပြတ်ထုတ်လုပ်ပေးလျက်ရှိသည်။

စိန်ပန်းဝေစည် ကျောင်းဖွင့်ပြီ

❍ ဂိမှာန်နွေရက်၊ နှုတ်ဆက်ဝမ်းနည်းစွာ
ဝသန်မိုးမင်း၊ ချင်းနင်း ဝင်ရောက်လာ
ကျောင်းပိတ်ချိန်တာ၊ ကုန်ကာပြီးဆုံး
စိန်ပန်းဝေစည်၊ ကျောင်းဖွင့်ပြီ
တောင်ဆီရွှေမိုး ချုန်းပါလို့လေး။

❍ ကြည်နူးမဆုံး၊ ရှင်ပြုံးဝင့်ကြွားစွာ
လက်ချင်းယှက်တွဲ၊ မခွဲ တစ်သက်တာ
သင်ကြားပညာ၊ လေ့လာစူးစမ်း
ရွတ် ဖတ် အံ သင်၊ သံချိုလွင်
ပြည်ခွင်အနှံ့ လွှမ်းသည်နှင့်လေး။

❍ အောင်မြင်မှုပန်း၊ ဆွတ်လှမ်းနိုင်သူရှင်
ကျူရှင်းသူများ၊ အမှားကို ဆင်ခြင်
အမှန်သို့ပြင်၊ အောင်မြင်ရေးရှု
နှစ်သစ်တစ်ဖန်၊ စခဲ့ပြန်
ရည်သန်လုံ့လ၊ ပြသည်နှင့်လေး။

❍ မျှော်တွေးထောက်ရှု၊ ကောင်းမှုကိုဆောင်
မူးယစ်ထိုဆေး၊ ဝေးဝေးက ကြဉ်ရှောင်
မိတ်ဆွေတုယောင်၊ ကင်းအောင်ရှောင်ရှား
ဆရာမ ဆရာ၊ ရိုသေစွာ
လိမ္မာ စာကြိုးစား ပါစို့လေး။

❍ ကျောင်းသူ ကျောင်းသား၊ နိုးကြားအမြဲ့ဘန်
ပြည့်သားကောင်းမွန်၊ လူရည်ချွန်ဖြစ်ရန်
ကြိုးပမ်းအားသန်၊ ဖွံ့မာန်ပြည့်ဝ
တိုင်းပြည့်ဝန်တာ၊ ကိုယ်ကျရာ
ညီညာ ထမ်းဆောင်ကြမည်တည့်လေး။

❍ ဝေမျှယူဆောင်၊ ဉာဏ်ရောင်ဖြိုးလက်
ပါစေအတည်။
အခြေချထူထောင်၊ မြန်ဘောင်တိုးတက်
သာစေမည်။ ။

ဇော်မင်းမင်းဦး

သီးနှံအထွက်နှုန်း တိုးမြှင့်ရေး နည်းပညာဆွေးနွေးပွဲ ပုသိမ်၌ကျင်းပ

ပုသိမ် မေ ၃၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ၂၀၁၀-၂၀၁၁ခုနှစ် သီးနှံအထွက်နှုန်းတိုးမြှင့်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးဝန်ထမ်းများအား နည်းပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၈ရက်နှင့် ၂၉ရက် နံနက် ၉နာရီက ပုသိမ်ခရိုင် စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ထို့နောက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပုသိမ်ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ရိုန်က ဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲ အခမ်းအနားသို့ မြို့နယ် ခုနစ်မြို့နယ်မှ စိုက်ပျိုးရေးဝန်ထမ်း ၈၅ဦး တက်ရောက်ခဲ့ပြီး စီမံကိန်းဆိုင်ရာများ၊ မြေအသုံးချရေး၊ မျိုးစေ့လုပ်ငန်းနှင့် သီးနှံကာကွယ်ရေး စသည့် စိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၅၀ ၁၀။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား - **Coted' lvoire and Honduras**
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ - ဂျေမောင်မောင်
- ၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၁၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ **မီနီသူ** ချစ်လှလှအဖွဲ့နှင့် ချစ်ချောအဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁၁)

၂-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၀:၃၀ ၁။ World Cup National Team Friendly Matches ဘောလုံးပွဲ (Live) - **Portugal Vs Cameroon**

* *ရှေ့ဖုံးမှ*

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Leonard Ortega နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ငါးသန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အချိန်မတိုင်မီ ရောဂါများဖြစ်ပွားပြီး သေဆုံးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆက်လက် သုံးစွဲကြမည်ဆိုလျှင် ၂၀၃၀ခုနှစ်တွင် တစ်နှစ်လျှင် လူဦးရေ ရှစ်သန်းကျော် သေဆုံးမည်ဖြစ်ပြီး အဆိုပါသေဆုံးသူများအနက် ငါးပုံ လေးပုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားသည့် သေဆုံးမှု၏ လေးပုံတစ်ပုံခန့်သည် ဆေးလိပ်သောက်မှုကြောင့်ဖြစ်ကြောင်း။

လက်မှတ်ရေးထိုး

ကမ္ဘာတစ်ဝန်း ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ၂၀၀၃ခုနှစ် မေလတွင် ကျင်းပသည့် (၅၆)နှစ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြကြောင်း၊ အဆိုပါကွန်ဗင်းရှင်းရေးဆွဲရေး အဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက်ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှ ဒေသတွင်းညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီ၂၀ရက်တွင် အတည်ပြုခဲ့ကြောင်း။

ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်အလက်များကို အခြေခံသည့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေတွင် ကွန်ဗင်းရှင်းပါ အချက်အလက်များဖြစ်သည့် သူတစ်ပါး၏ဆေးလိပ်ငွေ့ရှူရခြင်းမှ ကင်းဝေးစေရန် ဆေးလိပ်မသောက်ရသည့်နေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေး သတိပေးချက် ပါရှိစေခြင်း စသည်တို့ပါဝင်ကြောင်း။

အစဉ်တစိုက်ဆောင်ရွက်

ကျန်းမာရေး ဝန်ကြီးဌာနအနေနှင့် ဆေးလိပ်အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့ကို ကိုယ်တိုင်သောက်သုံးခြင်းနှင့် သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်း၊ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်းစသည့် ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးသုံးစွဲခြင်းတို့ကြောင့် လူငယ်၊ လူရွယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ် အမျိုးမျိုး ကျရောက်စေနိုင်ကြောင်း ပြည်သူများသိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြောင်း။

ရောဂါဝေဒနာခံစားရပြီး အချိန်မတိုင်မီ စောစီးစွာ သေဆုံးရမည့်အခြေအနေကို ကာကွယ်နိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန အနေနှင့် အခြားနီးနွယ်ဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထင်ရှားသောမှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့်

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေ ကိုယ်စားလှယ် Dr. Leonard Ortega ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင် အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းဆောင်ရွက်နိုင်

ကျား-မ မရွေး ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက် နယ်မြေများအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထိခိုက်နိုင်

ယခင်နှစ် ၂၀၀၇ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် Global Health Professions Student Surveys အပါအဝင် သုတေသနစစ်တမ်းအရ ဆေးပညာရှင် ကျောင်းသား ကျောင်းသူများအတွင်းနှင့် မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် နေထိုင်ကြသည့် ပြည်သူလူထု အမျိုးသား အမျိုးသမီးများ အတွင်း၌ပါ ကိုယ်တိုင် ဆေးလိပ်သောက်သုံးမှု၊ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရမှုနှင့် ဆေးပါသည့် ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ ပြန်လည်များပြားလာတာကို ဆန်းစစ်တွေ့ရှိရကြောင်း၊ ကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ပျက်ခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ တစ်နှစ်အောက်ကလေး ရုတ်တရက် သေဆုံးခြင်း၊ ဉာဏ်ရည်မမီသောကလေး မွေးဖွားခြင်း စသည်တို့နှင့် ဆေးလိပ်ငွေ့ရှူရသော ကလေးငယ်များတွင် ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ နားပြည်ယိုရောဂါ စသည်တို့ ဖြစ်စေနိုင်သည့်အတွက် အမျိုးသမီးများ ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး ဆေးလိပ်ငွေ့ ရှူရခြင်းသည် မိခင်အတွက်ရော ကလေးအတွက်ပါ အလွန်ထိခိုက်နိုင်တာကို သတိပြုစေလိုကြောင်း။

စောင့်ကြပ်ကြည့်ရှု

လူငယ်လူရွယ်ထုနှင့် ပြည်သူလူထု တစ်ရပ်လုံးအကြား ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ သူတစ်ပါး၏ ဆေးလိပ်ငွေ့ ရှူရှိုက်ရသည့် အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဥပဒေပါ အချက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါအမျိုးမျိုး ဖြစ်ပွားမှု သိသာစွာ လျော့နည်းကျဆင်းသွားမှာ ဖြစ်ကြောင်း၊ ဥပဒေကို တိကျစွာ လိုက်နာစေရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့် ညွှန်ကြားလွှာများထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ကြောင့် ယခုနှစ်တွင် သတ်မှတ်ထားသည့် ဆေးလိပ်ဈေးကွက် ဆွဲဆောင်မှုအား၊ ကျား-မ မရွေးသတိထား ဆိုသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်နှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများ၏ ကြော်ငြာဆွဲဆောင်မှု အန္တရာယ်ကို ပြည်သူလူထု တစ်ရပ်လုံး သတိပြုရှောင်ရှားနိုင်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနအားလုံး၊ လူမှုရေးအဖွဲ့အစည်းများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Leonard Ortega က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်းခင်းကျင်းပြသထားသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အစီအစဉ်(ဒုတိယပိုင်း) Seminar on Gender and Tobacco ကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Leonard Ortega က ဆေးလိပ်မသောက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးတင်ပြသည်။

ထို့နောက် ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်က Prevention of NCD ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံကိန်း) ဒေါက်တာနီလာတင်က Gender and Tobacco ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ် (၁)ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာမျိုးဦးက Gender Differences in Tobacco Smoking and Cessation ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဌာန တွဲဖက်ပါမောက္ခဌာနမှူး ဒေါက်တာနေစိုးမောင်က Battle between Tobacco Industries and Anti-Tobacco Activists ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြပြီး ဟောပြောပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ထန်တလန်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံ

ထန်တလန် မေ ၃၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ချင်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအုန်းချိုနှင့် အဖွဲ့ဝင် ဦးဝင်းခင်တို့သည် မေ၃၀ရက် နံနက် ၁၀နာရီက ထန်တလန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျအချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံအထက်ပိုင်း နှစ်နှစ်အတွင်း လျှပ်စစ်မီးလိုသလောက်ရတော့မည်၊ ကလေးဝကျောက်မီးသွေး ဓာတ်အားပေးစက်ရုံစီမံကိန်း နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်၊ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း ငါးနှစ်အတွင်း ပြီးစီးမည် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၀)ကို ယနေ့ဖြန့်ချိထားသည်။

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်လျှောက်ထား၊ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများကို ပါတီဝင်အင်အားစာရင်းတင်ပြရန် ကော်မရှင်ကအသိပေးကြေညာ၊ မီးလောင်ဆုံးရှုံးသွားသော မင်္ဂလာဈေး အပေါ်ထပ်ရှိဆိုင်ခန်းများကို မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးတွင် နေရာချထားပေးမည်၊ ဆုံးရှုံးပျက်စီးခဲ့ရသူတို့၏ စကားသံများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မင်္ဂလာဈေးနှင့်ပတ်သက်သည့် အချက်ခုနစ်ချက်ပါသော အသိပေး ကြေညာချက်ထုတ်ပြန်၊ မြို့တော်ဘဏ်ကလည်း ငွေချေးပေးမည်၊ မော်တော်ယာဉ်အချို့ ပြင်၍မရအောင် ပျက်စီးမှု ပြန်လည်ပြုပြင်ခြင်းကိစ္စများကို ပိုမိုပျော့ပျောင်းသော မူဝါဒပြောင်းလဲကျင့်သုံးရန်လိုအပ်နေ၊ သီရိမင်္ဂလာဈေးသစ် စတင်တည်ဆောက်၊ မြန်မာအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခွင့်၊ မိုးကာလရောက်ရှိလာသည့်အတွက် ငွေဆောင်ဇုန်ရှိ ဟိုတယ်များအနက် တစ်ဝက်ခန့်ပိတ်မည်၊ ပန်းသေပန်းညှိုးအကြောင်း သိကောင်းစရာ၊ တောင်ကိုရီးယား စစ်သင်္ဘောအားတိုက်ခိုက်ခဲ့သူကို အကာအကွယ်ပေးမည်မဟုတ်ကြောင်း တရုတ်နိုင်ငံ ဝန်ကြီးချုပ်ပြောကြား၊ မြောက်ကိုရီးယား၏ ကျူးကျော်ရန်စမည့်အန္တရာယ်အပေါ် အမေရိကန်စစ်တပ်မှအသင့်ပြင်ရန် အိုဘားမား ညွှန်ကြား၊ တောင်ကိုရီးယားရေတပ် မြောက်ကိုရီးယားရေငုပ်သင်္ဘောများကို နောက်ယောင်ခံရှာဖွေလျက်ရှိ၊ အီရန်ကို တိုက်ခိုက်မည့်ပုံစံ အစ္စရေးလေ့ကျင့်၊ ၂၀၀၃ခုနှစ် အီရတ်နိုင်ငံအား မတိုက်ခိုက်မီ စီအိုင်အေက ဆက်ဒမ်ဟူစိန်အား လိင်မှုမတော်မတရားပြုပုံ ဗီဒီယိုများဖြန့်ရန် ကြံစည်ခဲ့စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် မေ ၃၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိပို၍ခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၁ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဝန်ကြီးဦးအောင်ကြည် အာဆီယံအလုပ်သမားဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်

လူ့စွမ်းအားအရင်းအမြစ်တိုးပွားရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များဆွေးနွေး

နေပြည်တော် မေ ၃၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ရက်မှ ၂၅ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ မီလီယာ (Melia) ဟိုတယ်၌ ကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်ပြုလုပ်သော အစည်းအဝေးများသို့ တက်ရောက်ပြီး မေ၂၅ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးအောင်ကြည်သည် မေ ၂၄ရက် နံနက်ပိုင်းက အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် (၂၁)ကြိမ်မြောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အာဆီယံ အလုပ်သမားဝန်ကြီးများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးခဲ့

ယင်းနောက် အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံဒေသတွင်း စီးပွားရေးပြန်လည် ဦးမော့လာရန်နှင့် လူ့စွမ်းအားအရင်းအမြစ် တိုးပွားရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ချက်များနှင့် မြန်မာနိုင်ငံတွင် လုပ်သားထုကျွမ်းကျင်မှု အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

မိတ်ဆုံစား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး အထူးမိတ်ဆုံညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဝန်ကြီး ဦးအောင်ကြည်အား မေ ၂၄ရက် နံနက်ပိုင်းတွင် မီလီယာဟိုတယ်၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအလုပ်သမားရေးရာ ကိစ္စရပ်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ဒုတိယအကြိမ်မြောက် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ညီလာခံဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးသည် မေ ၂၅ရက် နံနက်ပိုင်းတွင် မီလီယာဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံ လူ့စွမ်းအားအရင်းအမြစ်ညီလာခံ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားရာ၌ စီးပွားရေး ပြန်လည်ရှင်သန်လာချိန်ကာလ၌ လူ့စွမ်းအားမြှင့်တင်ရေးအတွက် ကျွမ်းကျင်မှုစံနှုန်းများအပေါ်မှာ အခြေခံသောလုပ်သားထုအား လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်နှင့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များသည် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဖြစ်ပေါ်စေနိုင်ပြီး အလုပ်သမားထု၏ အရည်အသွေး အာမခံချက် ရရှိစေနိုင်မည့်အပြင် အာဆီယံနိုင်ငံများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါ အစည်းအဝေးများသို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် မြန်မာသံရုံး ဒုတိယအတွင်းဝန် ဦးအိုးဝေမင်းတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှတာဝန်ရှိသူများနှင့် ဒေသဆိုင်ရာတာဝန်ခံများက ဌာနအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ယင်းနောက် ဝန်ကြီး ဦးသိန်းဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေရောင်းချမည်

ရန်ကုန် မေ ၃၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ငွေကျပ်၁၀၀ တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ဇွန် ၈ရက် (အင်္ဂါနေ့) နံနက် ၉နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ထုတ်ဝေရောင်းချမည်ဖြစ်သည်။ (ဝဲပုံ)

တံဆိပ်ရိုက်နှိပ်ပေး

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ဇွန် ၈ရက် (အင်္ဂါနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းပေါ်၌ တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ်များ ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

မြန်မာ့အလင်း **ကျန်းမာရေးရာ သတင်းသုတ** ကောင်းမြတ်သူ-ရေးသားသည်

နေ့စဉ်သွားတိုက်မှုနည်းလျှင် နှလုံးရောဂါဖြစ်စေနိုင်

လန်ဒန် မေ ၃၁

နေ့စဉ်သွားနှစ်ကြိမ် မတိုက်သောသူများသည် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။

သုတေသနပြု

စကော့တလန်သိပ္ပံပညာရှင်များက အရွယ်ရောက်သူ ၁၁၀၀၀ ကျော်တို့အား သွားရောဂါနှင့် နှလုံးရောဂါ ဆက်စပ်ဖြစ်ပွားမှုကို သုတေသနပြုခဲ့ကြသည်။ နေ့စဉ် သွားတိုက်မှုနည်းပါးခြင်းကြောင့် သွေးကြောများကို ထိခိုက်စေလျက် နှလုံးရောဂါဖြစ်စေနိုင်သည်ဟုဆိုသည်။

နေ့စဉ်သွားတိုက်ခြင်းမရှိခြင်းကြောင့် သွားမှတစ်ဆင့် ဗက်တီးရီးယားများ ကူးစက်ပြီး သွားဖုံးများရောင်စေနိုင်ကြောင်း၊ ယင်းမှတစ်ဆင့် နှလုံးသွေးကြောများကို ထိခိုက်ပြီး နှလုံးရောဂါဖြစ်လာနိုင်ကြောင်း သတိပေးထားသည်။

(အင်တာနက်)

ဥဿာယူနိုက်တက်ကို ပထမဦးဆုံးအကြိမ်အနိုင်ယူလိုက်တဲ့ ဒယ်လ်တာယူနိုက်တက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ ➢ ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု ➢ ခင်သန္တာသိန်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၃၁

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၉)နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဒယ်လ်တာယူနိုက်တက်အသင်းက ဥဿာယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ဒယ်လ်တာယူနိုက်တက် - နှစ်ဂိုး
ဥဿာယူနိုက်တက် -တစ်ဂိုး

ပြီးခဲ့တဲ့ ၂၀၀၉ MNL Cup ပြိုင်ပွဲနဲ့ MNL အမှတ်ပေးပြိုင်ပွဲ နှစ်ကျော့စလုံး အနိုင်မရဖူးသေးတဲ့ ဥဿာယူနိုက်တက် အသင်းကို ဒယ်လ်တာယူနိုက်တက်တို့ ပထမဦးဆုံးအကြိမ် အနိုင်ရရှိခဲ့ပါတယ်။ ဒဏ်ရာရနဲ့ ပွဲပယ်ပြဿနာတွေကြောင့် အမာခံကစားသမားအချို့ မပါဝင်နိုင်ပေမယ့် နောက်ဆုံးပွဲမှာ မနောမြေအသင်းကို မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးနိမ့်ထားလို့ ဒယ်လ်တာအသင်းဟာ အခုပွဲကို အားထည့်ကစားခဲ့ပါတယ်။ ဒယ်လ်တာအသင်းဟာ ဥဿာယူနိုက်တက်လောက် ဂိုးသွင်းခွင့်တွေ မရခဲ့ပေမယ့် ရတဲ့အခွင့်အရေးကို အသုံးချနိုင်ခဲ့လို့ အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

အဖွင့်ဂိုးသွင်းယူ

ဇွဲကပင်ယူနိုက်တက်၊ မကွေးအသင်းနဲ့ ရန်ကုန်ယူနိုက်တက်တို့ကို သရေ ကစားထားတဲ့ ဥဿာယူနိုက်တက်အသင်းကတော့ အခုပွဲမှာ ဂိုးကံခေမှု၊ အဆုံးသတ်အားနည်းမှုတွေကြောင့် ရှုံးပွဲပြန်တွေ့ခဲ့ရပါတယ်။ ဒယ်လ်တာယူနိုက်တက် ကတော့ ပွဲစကတည်းက ဂိုးရဖို့ ကြိုးစားခဲ့ပြီး ၁၀မိနစ်မှာ ပြစ်ဒဏ်ဘောကနေ တိုက်စစ်မှူး စတန်လေက အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ပွဲအစမှာ အတွဲမမိဖြစ်နေတဲ့ ဥဿာယူနိုက်တက် တိုက်စစ်အတွဲဟာ မိနစ် ၂၀ကျော်မှ ကစားပုံ ပြန်ကောင်းလာခဲ့ပါတယ်။ ၂၆ မိနစ်မှာ ဘရာဇီး ကွင်းလယ်လူ မာဆီယိုရဲ့ကန်ချက် တိုင်ထိထွက်ခဲ့သလို တိုက်စစ်မှူးအော်တိုရဲ့ ကန်ချက်တွေကိုလည်း ဒယ်လ်တာဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်သွားတာကြောင့် ဥဿာတို့ ချေပဂိုးနဲ့ ဝေးခဲ့ရပါတယ်။

ဒယ်လ်တာယူနိုက်တက်မှ ဘမ်ဘာ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဥဿာယူနိုက်တက် ဂိုးသမား ဒီဂျာနယ်ကာကွယ်နေစဉ်။

နှစ်သိမ့်ဂိုး

ပထမပိုင်းမှာ ချေပဂိုးနဲ့ဝေးနေတဲ့ ဥဿာယူနိုက်တက် အသင်းဟာ ဒုတိယပိုင်းမှာ တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ဒယ်လ်တာအသင်းကတော့ Counter နဲ့ပဲ ကစားသွားပြီး ၇၄မိနစ်မှာ တောင်ပံကစားသမားဂေးလ်ဒက်စ်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ ၇၃မိနစ်မှာ အောင်ဖြိုးမြင့်ရဲ့ အဝေးကန်ချက် ဘားထိထွက်ခဲ့တာအပြင် ဒယ်လ်တာဂိုးသမား သီဟစည်သူရဲ့ လက်စွမ်းပြမှုတွေကြောင့် ဂိုးမရဖြစ်နေတဲ့ ဥဿာအသင်းဟာ နာကျင်အချိန်ပိုကျမှ နိုင်နိုင်လင်းကနှစ်သိမ့်ဂိုး တစ်ဂိုးပြန်သွင်းခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ပွဲစဉ်(၉)အပြီး အသင်းများ၏ရပ်တည်မှု

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ကမ္ဘောဇ	၉	၆	၂	၁	၁၃	၃	၂၀
၂	ဧရာဝတီ	၈	၅	၂	၁	၁၂	၄	၁၇
၃	ရန်ကုန်ယူနိုက်တက်	၉	၄	၃	၂	၁၉	၅	၁၅
၄	ရတနာပုံ	၈	၄	၃	၁	၁၂	၆	၁၅
၅	ဒယ်လ်တာယူနိုက်တက်	၈	၄	၁	၃	၁၁	၉	၁၃
၆	ဆောက်သမ်းမြန်မာ	၈	၃	၂	၃	၁၃	၁၅	၁၁
၇	မကွေး	၈	၃	၂	၃	၁၁	၁၅	၁၁
၈	ဥဿာယူနိုက်တက်	၈	၃	၁	၄	၆	၈	၁၀
၉	မနောမြေ	၈	၃	၁	၄	၁၂	၁၆	၁၀
၁၀	နေပြည်တော်	၈	၁	၁	၆	၁၀	၁၃	၄
၁၁	ဇွဲကပင်ယူနိုက်တက်	၈	-	-	၈	-	၂၅	-

ယခုအပတ် ပြည်မြန်မာသတင်

ရန်ကုန် မေ ၃၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၁၉)ကို
(၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ S
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။
ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌
မှုကြီးအပြီး အက်ကြောင်းကြီးများကြောင့် ပြိုကျမည့်အန္တ
ပါရမီအထူးယာဉ်လိုင်းများတွင် e-Ticket စနစ်တပ်ဆင
သုံးခုနှင့် ညှိနှိုင်းလျက်ရှိ၊ မင်္ဂလာဈေးရှိ မီးလောင်
မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးတို့တွင် ယာယီရွှေ့
ဈေးကြီး ၂၀ကို လျှပ်စစ်သုံးစွဲမှုပုံစံ စစ်ဆေးသွားမည်၊ ဂ
ဆိပ်ခံ ဖောတံတားတစ်ခုကို တစ်နှစ်အတွင်း အပြီး
အိန္ဒိယနယ်စပ် ဈေးကြီးတစ်ခု တည်ဆောက်မည်၊ ဂျပ
သော ထွက်နှုန်းကောင်းသည့် အုန်းပင်များ လာရောက်
သူတို့ပြောသည့် စာနယ်ဇင်းနှင့် အနုပညာရှင်များ ဆက
ပြည်တွင်းဟောပြောပွဲများ အခမဲ့ကြည့်ရှုနိုင်တော့မည်၊
ကြီးမဲ့အင်တာနက်ဇုန်အဖြစ် ပြုလုပ်မည်၊ သီရိမင်္ဂလာဈေး
မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပြောကြား၊ မင်္ဂလာဈေး မီးသင့်ဆိုင်ခန်းပိုင်ရှင်များ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထု
၁၀၀၀၀ကို မလေးရှားသို့ ယခုနှစ်အတွင်း ပထမဆုံးတင
သုံးလုံးဆက် မိုးပျံ့ဥယျာဉ်ကြီးဖွင့်တော့မည်၊ ဂြိုဟ်ကို
မြောက်ကိုရီးယားတို့၏ ပဋိပက္ခ နောက်ဆုံးသတင်းများ
ပြေးလမ်းများ ပါဝင်သည့် ကမ္ဘာ့အကြီးဆုံးကားအရောင်းပြ
ထွက်လာ၍ ဂရိနိုင်ငံလမ်းမကြီးပိတ်ဆို့သွား၊ မိုးပျံ့ပူဖော
ကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့၊ အီဖယ်လ်မျှော်စင်
စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ
တိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ
အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

...နိုင်းအစည်းအဝေးကျင်းပ

...၃၁

...နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း ...ဝန်ရှိသူများနှင့် ဒေသဆိုင်ရာတာဝန်ခံများက ဌာန ...လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ...နေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ...ထွန်းအောင်က ဌာနအလိုက် လုပ်ငန်းများအကောင် ...ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ...တင်ပြသည်။

...းနောက် ဝန်ကြီး ဦးသိန်းဆွေက တင်ပြချက်များနှင့် ...၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ...အမှာစကား ပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ...နှစ် (၆၀)ပြည့် အထိမ်းအမှတ် ...တံဆိပ်ခေါင်းသစ် ထုတ်ဝေရောင်းချမည်

ရန်ကုန် မေ ၃၁

...ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ...ဆက်သွယ်ရေးလုပ်ငန်းက မြန်မာ-တရုတ် သံတမန် ...ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ငွေကျပ်၁၀၀ ...တာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ဇွန် ၈ရက် ...) နံနက် ၉နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ... မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ...ရောင်းချမည်ဖြစ်သည်။ (ဝဲပုံ)

တံဆိပ်ရိုက်နှိပ်ပေး

...အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ...တိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး ...ကြီးတို့၌ ဇွန် ၈ရက် (အင်္ဂါနေ့)တွင် ဝယ်ယူသော ...ဆိပ်ခေါင်းပေါ်၌ တံဆိပ်ခေါင်းဖျက် အထူးအမှတ် ...တံဆိပ်များ ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်း ...။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **အောင်တော်မူ** (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ စံချိန်မီလို့လူကြိုက်များ စတီးလ်ပစ္စည်းမှာတိုက်ဂါး
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ **Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.C နှင့် ဇွဲကပင်ယူနိုက်တက် F.C)**
၅း၀၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ၊ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၀ ၅။ ရင်ခုန်စေတဲ့စားကမ္ဘာ့ဖလား **အုပ်စု (A)**
၅း၅၀ ၆။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀ ၁၀။ ဆိုလိုက်ကြစို့
၇း၀၀ ၁၁ ။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၆)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၂၀)
၁၆။ ရုပ်ရှင်ပဟေဠိ
၁၇။ အစီအစဉ်ပြီး၏။

ကချင်ပြည်နယ်အတွင်း သွားပါများ ခရီးရောက်ခဲ့ပြီ

သတင်းဆောင်းပါး ➢ တင်ထွေး(သတင်းစဉ်) ဓာတ်ပုံမှတ်တမ်း ➢ ကိုထွေး စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးစန်းဝေက ကသာ-ချောင်းဝ-စင်းခန်းလမ်း၏ ချောင်းဝ- စင်းခန်းလမ်းပိုင်း ၃၈မိုင်ကို ကျောက်ချောလမ်းခင်းနေမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။

မြစ်ကြီးနား မေ ၃၁

ပြောပါများစကားရ၊ သွားပါများခရီးရောက်ဆိုသော မောင်ပေါက်ကျိုင်းရာဇဝင်ရှိသည်။ ပြောပါများစကားရဆိုသော်လည်း အနှစ်အသားပါသော စကားပြောမှသာ တန်ဖိုးရှိသကဲ့သို့ လမ်းပန်းဆက်သွယ်မှုကောင်းမှသာ သွားပါများ ခရီးရောက်နိုင်ပေလိမ့်မည်။ လမ်းပန်းဆက်သွယ်မှုမကောင်းပါက သွားပါများသော်လည်း ခရီးတွင်လိမ့်မည်မဟုတ်ချေ။

လွယ်ကူလျင်မြန်

မြန်မာပြည်မြောက်ပိုင်းမှ ကချင်ပြည်နယ်သည် မြစ်၊ ချောင်းများရှိပြီး တောင်ကုန်း တောင်တန်းထူထပ်သော ဒေသတစ်ခုဖြစ်သည်။ ကချင်ပြည်နယ်အတွင်းမှ ဒေသအတော်များများသည် တစ်ချိန်သောအခါက သွားလာမှု ခက်ခဲ၍ သွားပါများသော်လည်း ခရီးမတွင်ဘဲ ရှိခဲ့လေသည်။ သို့သော် ယခုအခါ ကချင်ပြည်နယ်အတွင်း လမ်းနှင့် တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနိုင်ခဲ့ရာ ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်လာပြီ ဖြစ်သည်။

ယမန်နှစ်အတွင်းက ကချင်ပြည်နယ်အတွင်း ခရီးလှည့်လည်ဖြစ်ခဲ့ရာ နေရာဒေသအများတိုးတက်လျက်ရှိသော လမ်းပန်းဆက်သွယ်မှု အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် လေ့လာသိရှိခွင့်ရခဲ့သည်။ မြစ်ကြီးနားမြို့၌ အခြေပြု၍ ကချင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများသို့ခြေဆန့်ခဲ့ရာ ဗလမင်းထင်တံတားကြီးပေါ်မှ အကြိမ်ကြိမ်ဖြတ်သန်းဖြစ်ခဲ့လေသည်။

ဂုဏ်ဆောင်တံတားကြီး

ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးသည် ကချင်ပြည်နယ်၏ ဂုဏ်ဆောင်တံတားကြီး တစ်စင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ဗလမင်းထင်တံတားကြီး မတည်ဆောက်မီကအခြေအနေနှင့် တည်ဆောက်ပြီး အခြေအနေနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမြို့၌ အခြေချနေထိုင်လာခဲ့သည်မှာ ၂၈နှစ်ကျော်ပြီဖြစ်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက် (မြစ်ကြီးနား)မှ ကြီးကြပ်ရေးမှူး ဦးတင်လှိုင်က "မြစ်ရဲ့ ဟိုဘက်ကမ်းမှာ မိုင်းနားရွာရှိတယ်။ မြစ်ဒီဘက်ကမ်းမှာ စီတာပူရွာရှိတယ်။ မြစ်ကြီးနားဘက်ကနေ ဝိုင်းမော်ဘက်ကိုသွားမယ်ဆိုရင် ဧရာဝတီမြစ်ကြီးကို ဖြတ်မှရမယ်။ ဒီလိုမြစ်ကူးတဲ့ နေရာမှာ ဖက်ရေယာဉ်လည်းမရှိ၊ အစိုးရသင်္ဘောဆိုတာလည်း မရှိတော့ ပုဂ္ဂလိက စက်လှေတွေနဲ့ပဲ ကူးရတယ်။ မြစ်ကအဲဒီနေရာမှာကျဉ်းပြီး ရေစီးသန်တော့ တော်တော်လေး ခက်ခက်ခဲခဲ ကူးဖြတ်ကြရတယ်။ ကုန်ပစ္စည်းတွေ ဒီဘက်ကနေ ဟိုဘက်ကိုပဲပို့ပို့ ဟိုဘက်ကနေ ဒီဘက်ကိုပဲပို့ပို့ သိပ်ခက်တယ်။ စက်လှေနဲ့ပို့ကြရတာဆိုတော့ တစ်ခေါက်တစ်ခေါက်ကို အများကြီး မသယ်နိုင်ဘူး။ ကုန်ကျစရိတ်လည်းများတယ်။ မိုးဦးကျ မြစ်ရေတွေတိုးရင် အသွားအလာပိုခက်တယ်။ အချိန်မရွေး မသွားနိုင်ခဲ့ဘူး။ ဗလမင်းထင်တံတားကြီး တည်ဆောက်နိုင်ခဲ့တော့ အခုဆိုရင် မြစ်ကြီးနားနဲ့ဝိုင်းမော်ကို ဘယ်အချိန်သွားသွားရတယ်။ ရုံးဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေအားလုံး အဆင်ပြေသွားတယ်။ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရာမှာလည်း မြန်မြန်နဲ့များများ ပို့နိုင်တယ်" ဟု ပြောကြားသည်။

ဖွင့်လှစ်နိုင်

ဗလမင်းထင် တံတားကြီးသည် မြစ်ကြီးနား - ဗန်းမော်လမ်းပေါ်တွင် တည်ရှိပြီး ၁၄-၁၁-၉၈ ရက်၌ တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည်။ သံမဏိ သံပေါင်အမျိုးအစားဖြစ်ပြီး ၂၆၈၈ပေ ရှည်လျားသည်။



မြစ်ကြီးနား-ချီဖွေ လမ်းပေါ်ရှိ ချောင်းကူးကြိုးတံတား တစ်စင်းကို တွေ့ရစဉ်။

ကချင်ပြည်နယ်အတွင်း ပေ ၁၈၀ နှင့်အထက် စီမံကိန်းဝင် တံတား အစင်း၂၀ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ရာ ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်ရှိ တာပိန်မြစ်ကူးတံတား ပေ၃၂၀၊ တဘက်ချောင်းတံတား ပေ ၅၀၀၊ ဗလမင်းထင် တံတား ၂၆၈၈ ပေနှင့် နန့်မြစ်ခတံတားပေ ၂၆၀၊ မလိခမြစ်ကူး မလိယန်တံတား ပေ ၃၂၀၊ နန်ဆန်ယန်တံတား ပေ ၄၀၀နှင့် မိုးလဲတံတား ၃၂၅ ပေ၊ နမ္မတီး-တနိုင်း-နန်းယွန်းလမ်းပေါ်ရှိ တနိုင်းတံတား ၉၄၂ ပေ၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဟိုပင်တံတား ၁၉၆ ပေ၊ မိုးကောင်းတံတား ၉၄၅ ပေနှင့် မိုးညှင်းတံတား ၁၈၅ပေ၊ ရွှေကူ-ဗန်းမော်လမ်းပေါ်ရှိ စင်းခန်းချောင်းကူးစင်းခန်းတံတား ပေ ၄၆၀၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ကျွန်းတောတံတား ၃၆၆ ပေနှင့် နမ္မတီး-ကံလုတံတား ပေ၂၀၀၊ MSP လမ်းပေါ်ရှိ ဖုန်အင်တံတား၂၃၅ပေ၊ ပမ္မတီး GTC လမ်းပေါ်ရှိ နန်းကွေ့(ရွှေအိုက်)တံတား ၂၇၃ ပေ၊ နမ္မတီး-တနိုင်းလမ်းပေါ်ရှိ ဒွန်ဘန်တံတား ၂၁၆ ပေနှင့် ဝါရာဇွပ်(၂)တံတား ၃၅၄ ပေ၊ MSP လမ်းပေါ်ရှိ မလိခမြစ်ကူး မဆွမ်ဇွပ်တံတား ၁၇၈ ပေ၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန်းကွေ့တံတား ၂၆၂ ပေတို့ဖြစ်သည်။

ကချင်ပြည်နယ်အတွင်း တည်ဆောက်ဆဲ စီမံကိန်းဝင်တံတားများမှာ ပူတာအို-ထဝါဒမ်-နောင်မွန် လမ်းပေါ်ရှိ မလိခမြစ်ကူး ကောင်းမူလုံကြိုးတံတား(ဂျစ်ကားကူး) ပေ ၇၀၀၊ မန္တလေး-တကောင်း-ဗန်းမော် လမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ကသာ-ဗန်းမော်မီးရထားလမ်း (စင်းခန်းတံတား) ၃၂၁၅ပေတို့ ဖြစ်သည်။

သံမဏိသံပေါင်တံတား

အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီမြစ်ကူးစင်းခန်းတံတားသည် ဗန်းမော်ခရိုင် မန္တလေး-တကောင်း-ဗန်းမော်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၅၇/၆) စင်းခန်းကျေးရွာအနီးတွင်တည်ရှိပြီး ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ၊ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။

ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးဦးစန်းဝေက ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန် မြန်ဆန်လာရေးအတွက် အသစ် ဖောက်လုပ်လျက်ရှိသည့် ကသာ - ချောင်းဝ -စင်းခန်းလမ်း၏ ချောင်းဝ-စင်းခန်းလမ်းပိုင်း ၃၈မိုင်ကို ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ "စင်းခန်း-ဗန်းမော်လမ်း ၃၄ မိုင်က အရင်ရှိပြီးသား လမ်းဟောင်း ဖြစ်ပါတယ်။ အသစ်ဖောက်လုပ်လျက်ရှိတဲ့ ကသာ - ချောင်းဝ - စင်းခန်းလမ်း စုစုပေါင်း ၆၅မိုင်ရဲ့ ကချင်ပြည်နယ်အတွင်းပါဝင်တဲ့ ချောင်းဝ-စင်းခန်း လမ်းပိုင်း ၃၈မိုင်ကို ကချင်ပြည်နယ် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အစီအစဉ်နဲ့ လမ်းဖောက်လုပ်ရေး ကုမ္ပဏီ ရှစ်ခုတို့ကို ခွဲဝေတာဝန်ပေးအပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဧရာဝတီမြစ်ကူး စင်းခန်းတံတား ဖွင့်ပွဲအမီ ဒီလမ်းကို အပြီးဖောက်လုပ်သွားမှာပါ။ ဒီလမ်းပြီးသွားရင်အဲဒီဒေသမှာ လမ်းကွန်ရက်သဘောမျိုးဖြစ်သွားပြီး ကားလမ်းနဲ့ ရထားလမ်းအပြိုင်ဖြစ်သွားမှာပါ။ ကသာကနေ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘက်ကို သွားမယ်ဆိုရင် ဗန်းမော်-နမ့်ခမ်းလမ်း ရှိပြီးသားဖြစ်လို့ ဒီလမ်းဖောက်ခြင်းအားဖြင့် စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အကြား အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ မန္တလေး-သပိတ်ကျင်း - တွင်းငယ်-တကောင်း လမ်းပိုင်းမှာလည်း မြတောင်ဇက်ဆိပ်မှ ထီးချိုင့်ဘက်ကိုကူးပြီး အင်းတော်မှကသာ၊ ကသာမှမိုးညှင်း၊ မိုးညှင်းမှ ဖားကန့်တို့ကို သွားခဲ့ကြရတယ်။ ဒီလမ်းဖောက်လိုက်တော့ တကောင်း-စင်းခန်း-ကသာလမ်းအတိုင်းသွားရင် ဇက်ကူးစရာမလိုတော့ဘဲ အချိန်တိုအတွင်း ရောက်သွားနိုင်ပါတယ်။ စင်းခန်းတံတားရဲ့ ခံနိုင်ဝန်ကလည်း ကြီးတော့ စက်ယာဉ်ယန္တရားတွေ ဖားကန့်အရောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ရတနာမြေဖြစ်တဲ့ ဖားကန့်မြို့ အပါအဝင် နယ်မြေဒေသ ဖွံ့ဖြိုးမှုအတွက် ဒီလမ်းကအများကြီး အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းက မန္တလေး - ရွှေဘို - မြစ်ကြီးနားလမ်းဆိုရင်လည်း အရင်ကတစ်ပတ်လည်ကြီးသွားရလို့ အချိန်ကြန့်ကြာခဲ့ရပေမယ့် ဒီလမ်းသစ်ပြီးသွားရင် ဖြတ်လမ်းကနေ အချိန်တိုအတွင်း ရောက်ရှိမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ဆက်သွယ်ရေးလမ်းများ

ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းများအဖြစ် မြစ်ကြီးနား - နမ္မတီး - တနိုင်းလမ်း၊ မိုးကောင်း - ကာမိုင်းလဝ - ဖားကန့်လမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ ဗန်းမော်-မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား - တနိုင်း - ပန်ဆောက်-လီဒိုလမ်း၊ တနိုင်း - နန်းယွန်း -ပန်ဆောက်လမ်း၊ ဟိုပင်-ကုန်းသာ - လုံးတုံ-ညောင်ပင်လမ်း၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း၊ မြစ်ကြီးနား - ချီဖွေလမ်း၊ ဝိုင်းမော် -ဆဒုံး-ကန်ပိုက်တီးလမ်း၊ မြစ်ကြီးနား-အကျဲ-ဆင်ဘို-မြို့လှလမ်း၊ ပူတာအို - မချမ်းဘော - နောင်မွန်လမ်းတို့ဖြစ်သည်။

ကချင်ပြည်နယ်အတွင်း လမ်းမိုင်ပေါင်း ၂၂၉၅မိုင် ၁ဖာလုံရှိရာ ကတ္တရာလမ်း ၃၆၁ မိုင် ၁ဖာလုံ၊ ကျောက်ခင်းလမ်း ၃၁၁မိုင် ၅ဖာလုံ၊ အမာခံလမ်း ၇၂၆မိုင် ၇ဖာလုံ၊ မြေသားလမ်း ၄၃၆ မိုင် ၅ဖာလုံ၊ လားလမ်း၄၅၈မိုင်၇ဖာလုံဖြစ်သည်။

နေ့ချင်းခရီးပေါက်

ကချင်ပြည်နယ်အတွင်း ဆက်သွယ်သွားလာမှုအတွက် အရေးပါသော လမ်းတစ်လမ်းဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ယခင်က ခရီးတစ်မိုင်ပေါက်ရန်ပင် နာရီနှင့်ချီ၍ သွားခဲ့ရသည်။ ယခုအခါ မြစ်ကြီးနားမှ ပူတာအို ၂၁၈မိုင်ခရီးကို ကားကောင်းလျှင် နေ့ချင်းခရီးပေါက်ပြီး ပုံမှန်သွားလျှင် တစ်ညအိပ်ထက် မပိုတော့ချေ။

ကချင်ပြည်နယ် အတွင်း ငြိမ်းချမ်းမှု ရှိလာသည်နှင့်အမျှ လမ်း၊ တံတားများတိုးချဲ့ဖောက်လုပ်နိုင်ခဲ့ရာ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို နယ်စပ်ဒေသများ၌ပါ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အချိန်မရွေး

ယခင်က တစ်နေရာနှင့် တစ်နေရာ သွားလာရန်ခက်ခဲပြီး ကားလမ်းမပေါက်၍ ခြေကျင်သွားခဲ့ကြရသည့် လမ်းရှိသော်လည်း တံတားမရှိ၍ ချောင်းထဲမှ ဖြတ်ကူးကြရသည်။ ယခုအခါ လမ်းများကောင်းမွန်လာပြီး တံတားများ တစ်စင်းပြီးတစ်စင်း တည်ဆောက်နိုင်ခဲ့၍ ကားတစီစီဖြင့် အချိန်မရွေးသွားလာနိုင်ကြပြီဖြစ်သည်။

မှန်ပေသည်။ ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေ၍ သွားပါများ ခရီးရောက်ခဲ့လေပြီ။ ။

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းကို စက်ယန္တရားကြီးများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်။

ယခုအပတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မေ ၃၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၁၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မင်္ဂလာဈေး မီးလောင်ကျွမ်းမှုကြီးအပြီး အက်ကြောင်းကြီးများကြောင့် ပြိုကျမည့်အန္တရာယ်ရှိနေဟုဆို၊ အဓိပတိနှင့် ပါရမီအထူးယာဉ်လိုင်းများတွင် e-Ticket စနစ်တပ်ဆင်ရန် ပြည်တွင်းအိုင်တီကုမ္ပဏီ သုံးခုနှင့် ညှိနှိုင်းလျက်ရှိ၊ မင်္ဂလာဈေးရှိ မီးလောင်ခံရသော ဆိုင်ခန်းများကို မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးတို့တွင် ယာယီရွှေ့ပြောင်းဖွင့်လှစ်မည်၊ ရန်ကုန်ရှိ ဈေးကြီး ၂၀ကို လျှပ်စစ်သုံးစွဲမှုပုံစံ စစ်ဆေးသွားမည်၊ ဂျပန်က ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံ ဖောတံတားတစ်ခုကို တစ်နှစ်အတွင်း အပြီးတည်ဆောက်မည်၊ မြန်မာ-အိန္ဒိယနယ်စပ် ဈေးကြီးတစ်ခု တည်ဆောက်မည်၊ ဂျပန်နည်းပညာဖြင့် မျိုးစပ်ထားသော ထွက်နှုန်းကောင်းသည့် အုန်းပင်များ လာရောက်စိုက်ပျိုးရန် ဂျပန်စိတ်ဝင်စား၊ သူတို့ပြောသည့် စာနယ်ဇင်းနှင့် အနုပညာရှင်များ ဆက်ဆံရေး၊ အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းဟောပြောပွဲများ အခမဲ့ကြည့်ရှုနိုင်တော့မည်၊ သုဝဏ္ဏအားကစားကွင်းကို ကြိုးမဲ့အင်တာနက်ဇုန်အဖြစ် ပြုလုပ်မည်၊ သီရိမင်္ဂလာဈေးကို လှိုင်မြို့နယ်သို့ ပြောင်းရွှေ့မည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက တရားဝင်ပြောကြား၊ မင်္ဂလာဈေး မီးသင့်ဆိုင်ခန်းပိုင်ရှင်များ လိုအပ်သောအရင်းအနှီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ချေးမည်၊ နွားကောင်ရေ ၁၀၀၀၀ကို မလေးရှားသို့ ယခုနှစ်အတွင်း ပထမဆုံးတင်ပို့ခွင့်ရ၊ စင်ကာပူ၌ ဟိုတယ်သုံးလုံးဆက် မိုးပျံဥယျာဉ်ကြီးဖွင့်တော့မည်၊ ဂြိုဟ်ကို ကြယ်ကဝါးမျို၊ တောင်နှင့် မြောက်ကိုရီးယားတို့၏ ပဋိပက္ခ နောက်ဆုံးသတင်းများ၊ ခေါင်မိုးပေါ်တွင် ပြိုင်ကားပြေးလမ်းများ ပါဝင်သည့် ကမ္ဘာ့အကြီးဆုံးကားအရောင်းပြခန်း၊ ဖားများသန်းနှင့်ချီလျက် ထွက်လာ၍ ဂရိနိုင်ငံလမ်းမကြီးပိတ်ဆို့သွား၊ မိုးပျံပူဖောင်းဖြင့် အင်္ဂလိပ်ရေလက်ကြားကို အောင်မြင်စွာ ဖြတ်ကူးနိုင်ခဲ့၊ အီဖယ်လ်မျှော်စင်ပေါ်မှ စကိတ်စီးပြီးခုန်ချပြစသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးများနှင့် ဆေးလိပ်အန္တရာယ်

ထွန်းအောင်လှ
(လုပ်ငန်းခွင်ကျန်းမာရေး)

မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၂ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားတတ်သောအန္တရာယ်များအကြောင်းကို အဆိုပါအခမ်းအနားများတွင် ဟောပြောခြင်းများ၊ စာတမ်းဖတ်ခြင်းများ၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆေးလိပ်သောက်သုံးခြင်းဆိုသည်မှာ ဆေးရွက်ကြီးထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ ဆေးတံ၊ စီးကရက် စသည်တို့ကို သောက်ရှူခြင်းဖြစ်ပြီး ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့သည်လည်း ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ဆိုးကျိုးများကို ဖြစ်စေပါသည်။

ကမ္ဘာပေါ်တွင် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးတံ စသော ဆေးရွက်ကြီးနှင့် ပြုလုပ်ထားသည့် ပစ္စည်းအမျိုးမျိုးကို နည်းမျိုးစုံဖြင့် သုံးစွဲလျက်ရှိကြပါသည်။ ဆေးရွက်ကြီးငုံခြင်း၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံနှင့် စီးကရက်အမျိုးမျိုး သောက်သုံးခြင်းတို့ကြောင့် လူတို့၏အသက်ကို သေစေနိုင်သည်အထိ အန္တရာယ်ရှိပါသည်။ ဆေးရွက်ကြီးမှ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာမည့် တစ်ခုတည်းသောဆိုးကျိုးမှာ အသက်တိုစေခြင်းပင် ဖြစ်ပါသည်။

ဆေးလိပ်ထုတ်လုပ်သော ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများမှ ၄င်းတို့ထုတ်လုပ်သော ဆေးလိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်စသည်တို့ကို အရောင်းရတွင်ကျယ်စေရန် ကြော်ငြာများ၊ ဖျော်ဖြေမှုများကို ရနိုင်သည့်နေရာများတွင် ရနိုင်သည့်နည်းလမ်းမျိုးစုံသုံး၍ လှုံ့ဆော်ကာ ကြော်ငြာလျက်ရှိပါသည်။

ဆေးလိပ်၊ စီးကရက် လုပ်ငန်းရှင်ကြီးများသည် နာရီတိုင်း၊ မိနစ်တိုင်းတွင် ပိုစတာကြီးများ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားဖန်သားပြင်များ၊ ရုပ်ရှင်ပိတ်ကားများနှင့် ရေဒီယိုအသံလွှင့်ဌာနများမှ ထုတ်လွှင့်နေသော ကြော်ငြာများဖြင့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများအပါအဝင် ကျွန်ုပ်တို့လူသားများ ရှူရှိုက်နေသောလေထုကို ညစ်ညမ်းစေရန်နှင့် အသက်ကို နုတ်ယူရန်၊ တစ်နည်းအားဖြင့် အသက်တိုစေရန် ကြိုးပမ်းနေကြပါသည်။

ယခုအခါတွင် ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းသည် လူကိုသေစေနိုင်သည်အထိ အန္တရာယ်ရှိကြောင်းကို ကမ္ဘာတစ်ဝန်းလုံး သိရှိကြပြီးဖြစ်သဖြင့် ဆေးလိပ်ကြော်ငြာများကို ကမ္ဘာ့နိုင်ငံအတော်များများတွင် ပိတ်ပင်တားမြစ်ခဲ့ကြပြီးဖြစ်ပါသည်။ ထိုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများက ထုတ်လုပ်သော စီးကရက်များကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် လူဦးရေများသော အာရှနိုင်ငံများသို့ ဈေးကွက်များ တိုးမြှင့်ရှာဖွေကာ ရောင်းချလာကြပါသည်။ အထူးသဖြင့် လူငယ်လူရွယ်များနှင့် အမျိုးသမီးများသည် ၄င်းတို့၏ အဓိကပစ်မှတ် ဖြစ်လာပါသည်။

ယနေ့ကမ္ဘာကြီးတွင် ဆေးလိပ်ကြောင့် သေဆုံးရသူပေါင်း တစ်နှစ်လျှင် လေးသန်းကျော်ခန့်ရှိနေပါသည်။ ဆိုလိုသည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများကြောင့် ရှစ်စက္ကန့်တိုင်းတွင် လူသားတစ်ဦးနှုန်းကို သေစေလျက်ရှိနေပါသည်။ ဤနှုန်းအတိုင်းသာ ဆက်သွားနေမည်ဆိုပါက လာမည့် ခရစ်နှစ် ၂၀၂၀ အရောက်တွင် ဆေးလိပ်ကြောင့် တစ်နှစ်လျှင် လူ ၁၀သန်းခန့် သေဆုံးစေမည်ဖြစ်ပြီး ယင်းတို့အနက်မှ ခုနစ်သန်းခန့်သည် မဖွံ့ဖြိုးသေးသောနိုင်ငံများမှ ဖြစ်ဖွယ်ရာရှိကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါသည်။

ဆေးလိပ်မှထွက်သော အခိုးအငွေ့များတွင် ဓာတုဓာတ်ပစ္စည်းအမျိုးအစားပေါင်း ၃၀၀ ခန့် ပါဝင်ပါသည်။ ၄င်းတို့အထဲတွင် လူကိုဘေးအန္တရာယ်ဖြစ်စေတတ်သော ဓာတ်ပစ္စည်းများဖြစ်သည့် ကတ္တရာဓာတ်၊ နစ်ကိုတင်းဓာတ်၊ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်၊ ဘင်းဇင်းဓာတ်၊ အမိုးနီးယားဓာတ်တို့များစွာပါဝင်ပြီး အလွန်အဆိပ်ပြင်း၍ အလွန်အန္တရာယ်များသည့် ဆိုင်ယာနိုက်ဓာတ်လည်း အနည်းငယ်ပါဝင်နေပါသည်။ ဆေးလိပ်တွင် အဓိကပါဝင်သော ဓာတ်ပစ္စည်းမှာ နစ်ကိုတင်းဓာတ်ဖြစ်၍ ၄င်းနစ်ကိုတင်းဓာတ်သည် ဆေးလိပ်ကိုရှိုက်၍ သောက်သုံးသူများ၏ အဆုတ်ထဲသို့ ၉၀ ရာခိုင်နှုန်းခန့် ဝင်ရောက်သွားပြီး ဆေးလိပ်ကိုရှိုက်၍ မသောက်ဘဲ သာမန်ဖွာ၍သာ သောက်သောသူများ၏ အဆုတ်ထဲသို့ ၁၀ ရာခိုင်နှုန်းခန့် ဝင်ရောက်ကြောင်း တွေ့ရှိရပါသည်။

ဆေးလိပ်သောက်သုံးသူများ၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို သုံးစွဲသူများသည် အသက်ရှူမဝခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အမောမခံနိုင်ခြင်း၊ ချောင်းဆိုးခြင်းစသည်တို့ကို ဦးစွာခံစားကြရမည်ဖြစ်ပါသည်။ အမျိုးသားများအနေဖြင့် သားသမီးမရနိုင်ခြင်း၊ အိမ်ထောင်ရေးသုခ အပြည့်အဝ မခံစားနိုင်ခြင်း စသည်တို့ကို ကြုံတွေ့ရတတ်ပါသည်။

ဆေးလိပ်သောက်သုံးခြင်း၊ ဆေးရွက်ကြီးကို ပါးစပ်အတွင်း ငုံထားခြင်း စသည်တို့ကြောင့် နစ်ကိုတင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ ဆိုင်ယာနိုက်စသော အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဓာတ်ပစ္စည်းများသည် ပါးစပ်၊ လျှာ၊ လည်ပင်း၊ အစာမျိုပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ် အစရှိသည်တို့ကို ရောက်ရှိသွားပြီး အဆိုပါနေရာများတွင် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ကြောင်း သက်သေသာဓက အထောက်အထားများ အခိုင်အမာ တွေ့ရှိရပြီဖြစ်ပါသည်။ အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားသူများ၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးသူများဖြစ်ကြောင်း နိုင်ငံတကာ သုတေသနများအရ သိရှိရပါသည်။ ထိုမျှသာမကသေးပါ။ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါတို့ကိုလည်း ဖြစ်စေနိုင်ပါသေးသည်။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားသူ အများစုသည်လည်း ဆေးလိပ်သောက်သုံးခဲ့ဖူးသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများတွင် ဆေးလိပ်သောက်သုံးခြင်း အန္တရာယ်သည် ပို၍သိသာထင်ရှားသည်ကို တွေ့ရှိရပါသည်။ သားအိမ်မှအပ အခြားနေရာတွင် သန္ဓေတည်ခြင်းကို ဆေးလိပ်သောက်သော အမျိုးသမီးများတွင် တွေ့ရတတ်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်လျှင် သားပျက် သားလျှောခြင်း၊ လမစေ့ဘဲ ကလေးမွေးခြင်း၊ မွေးရာပါချို့ယွင်းချက်များပါလာခြင်း၊ မီးတွင်း ကလေးသေဆုံးခြင်း၊ ပေါင်မပြည့်သော ကလေးများ မွေးဖွားခြင်း၊ ကလေး၏ အသက် (၁၁)နှစ်အရွယ်အထိ ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်းတို့ ဖြစ်တတ်ပါသည်။

ဆေးလိပ်သောက်သုံးခြင်းသည် သောက်သုံးသူကိုသာမက အနီးအနားရှိ ပတ်ဝန်းကျင်မှ ဆေးလိပ်ငွေ့ရှူရှိုက်နေရသူများကိုပါ အဆိပ်အတောက် ဖြစ်စေပါသည်။ ဆေးလိပ်ငွေ့ကြောင့် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ လူကြီးများတွင် အဆုတ်ကင်ဆာရောဂါဖြစ်ခြင်းစသည်တို့ကို ဖြစ်ပေါ်စေပါသည်။

လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အမျိုးသမီးများသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လူသားမျိုးနွယ်တစ်ရပ်လုံး အဓွန့်ရှည်တည်တံ့နေစေရေးအတွက် မျိုးဆက်ပွားတာဝန်ကို အဓိကဆောင်ရွက်နေရသော အမျိုးသမီးများ ကျန်းမာရေးကောင်းမွန်နေမှသာ ကောင်းမွန်သော အနာဂတ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ ဆေးလိပ်မှပေးသော ဆိုးကျိုးများကို ခံစားနေရသော အမျိုးသမီးများသည် အဆိုပါတာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်မည်မဟုတ်သဖြင့် အမျိုးသမီးများအားလုံး ဆေးလိပ်အန္တရာယ်မှ ကင်းဝေးစေရေးကို အမျိုးသားများအပါအဝင် အသိဉာဏ်ရှိသောလူသားတိုင်းက ဆောင်ရွက်သင့်ပါသည်။ အိမ်ထောင်ရှင်အမျိုးသားများ ဆေးလိပ်သောက်ပါက မိမိ၏ ဆေးလိပ်ငွေ့သည် မိမိ၏ ဇနီးသည်နှင့်တကွ သားငယ်၊ သမီးငယ်များကိုပါ အန္တရာယ်ဖြစ်စေနိုင်သဖြင့် သတိပြုဆင်ခြင်သင့်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် **ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ**ပြဋ္ဌာန်း၍ ဆေးလိပ်အန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါသည်။ လူထုဆက်သွယ်ရေး မီဒီယာများတွင်လည်း ဆေးလိပ်ကြော်ငြာများ ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

သို့သော်လည်း နိုင်ငံတကာဆက်သွယ်ရေးလမ်းကြောင်းများ လွန်စွာခေတ်မီတိုးတက် မြန်ဆန်နေသည့် ကမ္ဘာ့ရွာကြီးမှ လူသားများပီပီ ဆေးလိပ်၏ ဆွဲဆောင်မှုများမှ အပြီးတိုင်ရုန်းမထွက်နိုင်ကြသေးသဖြင့် ဆေးလိပ်သောက်သုံးမှုများမှာ ရှိနေဆဲပင်ဖြစ်ပါသည်။ "ဆေးလိပ်သောက်မှ စတိုင်ကျသည်၊ စမတ်ကျသည်၊ ရှိုးကောင်းသည်၊ လူကြီးလူကောင်းပုံစံပေါက်စေသည်၊ လူရာဝင်စေသည်၊ အောင်မြင်မှု၏ ပြယုဂ်ဖြစ်သည်"စသော မမှန်ကန်သည့် အထင်အမြင်မျိုး လူငယ်များနှင့် အမျိုးသမီးထုတို့အကြား ဝင်ရောက်စေရန် လှည့်ကွက်အမျိုးမျိုးသုံးပြီး ဖြားယောင်းကြော်ငြာခဲ့ကြသည့်၊ ကြော်ငြာနေကြသည့် မကောင်းသော အကျိုးဆက်များက ကျန်ရှိနေပါသေးသည်။

ဤကဲ့သို့ ဆေးလိပ်ဆေးရွက်ကြီးလုပ်ငန်းရှင်များမှ အမျိုးသမီးများနှင့် လူငယ်လူရွယ်များအား ဦးတည်၍ ဈေးကွက်ချဲ့ထွင်နေခြင်း၏ အန္တရာယ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် (ဖြစ်နိုင်ပါက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်) သတိပြုကာကွယ်နိုင်ကြရန် အလွန်အရေးကြီးပါသည်။ ဆေးလိပ်ဆေးရွက်ကြီးကုမ္ပဏီများက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုတိုးမြှင့်ရန်ရည်ရွယ်၍ နည်းမျိုးစုံဖြင့် လုပ်ဆောင်နေသော ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အမျိုးမျိုးသော စပွန်ဆာပေးခြင်းစသည်တို့ကို သက်ဆိုင်ရာနိုင်ငံများအလိုက် ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေများဖြင့် တားမြစ်ထိန်းချုပ်ရန်လည်း လိုအပ်လျက်ရှိပါသည်။

လူငယ်လူရွယ်များသည် ၄င်းတို့ အထင်ကြီးသော၊ သဘောကျသော ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ အဆိုတော်များ၊ ကြော်ငြာသရုပ်ဆောင်များ၏ ပြုမူပြောဆိုပုံ၊ ဝတ်စားဆင်ယင်ပုံများကို အတုယူလေ့ရှိကြသဖြင့် အဆိုပါပုဂ္ဂိုလ်များ ဆေးလိပ်သောက်ပြပါက ၄င်းတို့မှ အတုယူမှားပြီး လိုက်လံလုပ်ဆောင်လေ့ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင် မိဘများ ဆေးလိပ်သောက်တတ်လျှင် သားသမီးများသည်လည်း ဆေးလိပ်သောက်သည့် အလေ့အကျင့်ရရန် လွယ်ကူစေပါသည်။

လူတို့သည် လျှပ်စစ်ဓာတ်လိုက်ပါက ချက်ချင်းဆိုသလို သေစေနိုင်သဖြင့် ဓာတ်လိုက်ခြင်းမဖြစ်စေရန် သတိထားရှောင်ကြဉ်ကြပါသည်။သို့သော် ဆေးလိပ်သောက်လျှင် ရောဂါဘယများဖြစ်ပွားသည်မှာ ယခုသောက်လျှင် ယခုချက်ချင်း ထဖြစ်သည်မဟုတ်သဖြင့် ဆေးလိပ်သောက်ခြင်းသည် အန္တရာယ်ဖြစ်စေနိုင်ကြောင်းကို ကျန်းမာရေးအသိပညာတွေ ဘယ်လောက်ပေးပေး ဆေးလိပ်သောက်သူများသည် ဂရုမစိုက်ဘဲ စိတ်အေးလက်အေးဖြင့် ဘာမှမဖြစ်သလိုမျိုး ဆေးလိပ်ကို အရသာခံကာ ဇိမ်ယူပြီး သောက်နေကြခြင်းဖြစ်ပါသည်။ ထိုသူများသည် ဆေးလိပ်မှပေးသော ရောဂါဘယများကို ခံစားနေရချိန်သို့ရောက်ရှိလာပါက ရောဂါကလည်းရင့်လာ၊ ဆေးလိပ်ကလည်း မဖြတ်နိုင်တော့ဘဲ အရက်သမား အရက်သောက်ရင်း သေရသလိုမျိုး၊ ဆေးလိပ်သမားကလည်း ဆေးလိပ်သောက်ရင်း အသက်ပါ ဆုံးပါးသွားရနိုင်ပါသည်။

ဆေးလိပ်သောက်သူများသည် ဆေးလိပ်၏အန္တရာယ်ကို ချက်ချင်း မခံစားရသော်လည်း ပတ်ဝန်းကျင်မှ လူများကတော့ စိတ်အနှောင့်အယှက်လွန်စွာဖြစ်ရပါသည်။ မီးရထားပေါ်၊ မော်တော်ကားပေါ်စသည့် လူစုလူဝေးနေရာများ၊ တရားရိပ်သာများ၊ ရုံးများ၊ ပွဲလမ်းသဘင်၊ ရုပ်ရှင်ရုံများ စသည်တို့တွင် ဆေးလိပ်သောက်သူများ (ဆေးလိပ်သောက်သူအများစု)သည် ပတ်ဝန်းကျင်ကို အားမနာဘဲ မိမိ၏စိတ်ကျေနပ်မှုတစ်ခုတည်းအတွက် လူအများကြားထဲတွင် ဆေးလိပ်ကို မဆင်မခြင်သောက်ကြခြင်းများကြောင့် စာရေးသူအပါအဝင် လူအတော်များများသည် စိတ်အနှောင့်အယှက်ဖြစ်ရသည်များကို အကြိမ်များစွာ ကြုံတွေ့ခဲ့ရပါသည်။

ဆေးလိပ်သောက်ခြင်းသည် သောက်သုံးသူကို ဆိုးကျိုး ဖြစ်စေသလို ပတ်ဝန်းကျင်ကိုလည်း ဆိုးကျိုးဖြစ်စေသဖြင့် မည်သူမျှဆေးလိပ် မသောက်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ဆေးလိပ်သည် အစပြုမိလျှင် စွဲတတ်ပါသည်။ စမိလျှင် စွဲတတ်သော ဆေးလိပ်ကို လူငယ်လူရွယ်များ၊ အမျိုးသမီးများအပါအဝင် လူသားတိုင်းက လုံးဝအစမပြုသင့်ပါ။ အဆိုပါကိစ္စတွင် ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီး ထည့်စားခြင်းတို့လည်း ပါဝင်သဖြင့် ၄င်းကိစ္စများကိုလည်း မပြုလုပ်သင့်ပါ။

လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဘ ဆိုသည့်အတိုင်း မိဘ၊ ဘိုးဘွားများက မိမိတို့ကိုယ်တိုင် ဆေးလိပ်မသောက်ခြင်းဖြင့် သားသမီး၊ မြေးမြစ်များကို ကောင်းမွန်သောအလေ့အကျင့် အမွေကောင်းပေးရန် လိုအပ်သလို ၄င်းတို့အား ဆေးလိပ်ကို **အစမပြုမိစေဖို့** သွန်သင်ဆုံးမကာ ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုအပ်ပါသည်။

ဆေးလိပ်သောက်သူများ၊ ဆေးလိပ်စွဲနေသူများကလည်း မိမိတို့၏ မကောင်းသောအမူအကျင့်များကြောင့် မိမိကိုယ်တိုင်လည်း ဒုက္ခမရောက်ရစေရန်၊ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်မဖြစ်ရစေရန်တို့အတွက် ဆေးလိပ်ဖြတ်နိုင်ရန် ကြိုးစားကြဖို့ နီးစပ်ရာကျန်းမာရေးဌာနများတွင် တိုင်ပင်ပြသကြဖို့ လိုအပ်ပါသည်။

တစ်ဦးတစ်ယောက်ချင်းစီမှစကာ တစ်အိမ်လုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံးမှသည် တစ်နိုင်ငံလုံး ဆေးလိပ်မသောက်ကြခြင်းဖြင့် ဆေးလိပ်ကင်းစင်သောနိုင်ငံ (Tobacco Free Country)၊ ထိုမှတစ်ဆင့်တက်၍ တစ်နိုင်ငံချင်းစီမှအစပြုကာ နိုင်ငံအားလုံး ဆေးလိပ်မသောက်ကြခြင်းဖြင့် တစ်ကမ္ဘာလုံး ဆေးလိပ်သောက်သုံးမှုမရှိသော၊ ဆေးလိပ်ကင်းစင်သော ကမ္ဘာကြီး (Tobacco Free World)၊ ဆေးလိပ်ကင်းစင်သော လူသားမျိုးဆက် (Tobacco Free Generation) ဟူ၍ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဖြစ်ပေါ်လာစေရေးအတွက် ယခုအချိန်မှစတင်ကာ လူသားအားလုံးက ကျန်းမာရေး၊ လူမှုရေးအသိစိတ်ဓာတ်ရှိရှိဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာ

နေပြည်တော် မေ ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မူလကျင်းပမည့် ဇွန် ၅ ရက်အစား ဇွန် ၄ ရက်တွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၄၀၅၃၈၆၊ ၄၀၅၃၉၀ တို့သို့ ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်သတင်းပို့ကြပါရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က နှိုးဆော်ထားသည်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ကျမ်းစာပေဒုတိယဆုရ ဇင်မင်း (သမိုင်းထော)ရေးသားသည့် "ဖြတ်သန်းခဲ့ရ သမိုင်းစဉ် ဆောင်ကြဉ်းခဲ့ရတာဝန်များ" စာအုပ်၊ ဝတ္ထုရှည်ဒုတိယဆုရ မင်းဇေယျ ရေးသားသည့် "ငယ်သော်လှသည်" စာအုပ်နှင့် ဝတ္ထုရှည် တတိယဆုရ ပိုင့်-လှိုင်းသစ်ရေးသားသည့် "ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်" စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အင်တာ၊ အင်္ဂလန်နှင့် နည်းပြ ကာပယ်လို

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၃၁

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေသည့် အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ခေါ်ယူ တွေ့ဆုံခဲ့သည်။ အဓိက အကြောင်းရင်းမှာ အသင်းပြောင်းရွှေ့ခြင်းမပြုလုပ်ဖို့ပင် ဖြစ်သည်။

ရေပန်းစား

အင်တာမီလန်နည်းပြ မော်ရင်ဟို ရီရဲမက်ဒရစ်ကို ထွက်ခွာသွားချိန်တွင် ကာပယ်လိုသည် အင်တာမီလန် နည်းပြ တာဝန်ယူတော့မည်ဟု သတင်းများ ထွက်ကာ ရေပန်းစားလာသည်။ ထိုသို့ သတင်းထွက်ပေါ်နေမှုနှင့် ပတ်သက်ပြီး ကာပယ်လိုကလည်း တစ်စုံတစ်ရာမျှ ငြင်းချက်ထုတ်ခြင်း၊ ဖြေရှင်းခြင်း မပြုလုပ်။ တကယ်ပြောင်းရွှေ့ခဲ့လျှင် ဟူသောအချက်ဖြင့် အက်ဖ်အေက ကာပယ်လိုကို ခေါ်ယူတွေ့ဆုံခဲ့ခြင်း ပင်ဖြစ်သည်။

အက်ဖ်အေက ခေါ်ယူတွေ့ဆုံခြင်းမှာ ၂၀၁၀ တောင်အာဖရိကဖလား ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်ရမည့် ကိစ္စရပ်များ ဆွေးနွေးခြင်းဖြစ်သည်ဟု ဆိုသော်လည်း အဓိကမှာ ကာပယ်လို နည်းပြအဖြစ်မှ ရုတ်တရက် မနုတ်ထွက်ရေးပင် ဖြစ်သည်။

ခေါ်ယူ

ကာပယ်လိုအား အင်တာမီလန်အသင်း နည်းပြ တာဝန်ယူရန် အင်တာမီလန်အသင်း ဥက္ကဋ္ဌ မိုရက်တီက မေ ၁၅ ရက်က တရားဝင် ကမ်းလှမ်းခဲ့သည်ဟုဆို၏။ ကာပယ်လိုက စဉ်းစားမည်ဟုအကြောင်း ပြန်ခဲ့ကြောင်း မီဒီယာများကဖော်ပြခဲ့သဖြင့် အက်ဖ်အေက ခေါ်ယူဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

တာဝန်ယူရန်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးပြီး နောက်ပိုင်းမှသာ အင်တာမီလန်


အင်္ဂလန်ဘောလုံးအသင်းကစားသမားများ။

အသင်းအတွက် တာဝန်ယူရန် အင်တာ ဥက္ကဋ္ဌ မိုရက်တီက ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။ သို့သော် ထိုသို့တာဝန်ယူရန်ပင် အက်ဖ်အေက ခွင့်ပြုမည်မဟုတ်ဟု ဆိုထားသည်။

ကာပယ်လိုနှင့် အက်ဖ်အေတို့သည် ကာပယ်လို အင်္ဂလန်အသင်းနည်းပြ တာဝန်ယူရန် ၂၀၁၂ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။ အက်ဖ်အေဥက္ကဋ္ဌ လော့ဒ် ထရေးမင်က ယခုအချိန်တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း အောင်မြင်မှုရရှိရေးကိုသာ အာရုံစိုက်ရန် ဆွေးနွေးခဲ့သည်။ သို့သော် အက်ဖ်အေ အတွင်းရေးမှူး အလက်ဟော်နေက ကာပယ်လိုအနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးလျှင် ထပ်မံဆွေးနွေးနိုင်ကြောင်း ပြောကြားထားသည်။

ကာပယ်လိုကိုယ်တိုင်ကလည်း အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက်သာ အာရုံစူးစိုက်ထားကြောင်း မီဒီယာများကို ပြောကြားခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရန် အင်္ဂလန်အသင်း ကစားသမား ၂၃ဦးကို ကာပယ်လိုက အပြီးသတ်ရွေးချယ်လိုက်ပြီ ဖြစ်သည်။

လူစာရင်း

အင်္ဂလန်အသင်းအတွက် ရွေးချယ်ထားသည့် ဘောလုံးသမားများမှာ **ဂိုး**-ဒေးဗစ်ဂျိမ်းစ်၊ ဂရင်းနှင့် ဟက်ဒ်၊ **နောက်တန်း**-အက်ရှ်လေကိုး၊ ဖာဒီနန်၊ တယ်ရီ၊ ဂျွန်ဆင်၊ အက်ဆွန်၊ ကာရက်ဂါ၊ ကင်းနှင့် ဘားနက်တို့ဖြစ်ပြီး အလယ်တန်းတွင် ဂျရတ်၊ ဘယ်ရီ၊ လမ်းပတ်၊ လီနွန်၊ ဝေါကော့သ်၊ မီလ်နာနှင့် ဂျက်ဆင်တို့

အင်္ဂလန်နည်းပြ ကာပယ်လို

ပါဝင်ကာ ရှေ့တန်း၌ ရွန်နီ၊ ခရောက်ချ်၊ ဟတ်စကီး၊ ဒီဖိုးနှင့် ဘင့်တို့ဖြစ်ကြသည်။

မိမိသည် လောလောဆယ်၌ တောင်အာဖရိကသို့ သွားရောက်ကာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း အောင်မြင်မှုရစေရန် ကြိုးစားမည်ဖြစ်ကြောင်း၊ မိမိ၏အရေးကြီးဆုံးနှင့် အဓိက အကျဆုံး တာဝန်ဖြစ်ကြောင်း၊ အခြားကိစ္စရပ်များ မိမိခေါင်းထဲ၌ မရှိကြောင်း သတင်းထောက်များနှင့် တွေ့ဆုံခိုက် ကာပယ်လိုက ပြောကြားသည်။

ထို့ကြောင့် ကာပယ်လို ကိုင်တွယ်သည့် အင်္ဂလန်အသင်း အောင်မြင်မှုမည်မျှ အထိရရှိမည်နှင့် ကမ္ဘာ့ဖလား ဘောလုံးပွဲ ပြီးဆုံးသွားပါက ကာပယ်လိုအနာဂတ် မည်သို့ ရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

မက်ဒရစ်မာစတာဖလား အင်္ဂလန်မှ လူကီဒိုနယ်ဆွတ်ခူး

မက်ဒရစ် မေ ၃၁

အင်္ဂလန်ဂေါက်သီးကစားသမား လူကီဒိုနယ်သည် မက်ဒရစ်မာစတာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝေလဂေါက်သီးကစားသမား ဒါးဗီးစ်ထက် တစ်ချက်အသာရပြီး လေးနှစ်တာအတွင်း ပထမဆုံး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဒုတိယနေရာ

ယင်းတို့နှစ်ဦးသည် တတိယနေ့ပြိုင်ပွဲအပြီး ရိုက်ချက်အတူဖြင့် ဦးဆောင်နိုင်ခဲ့သည်။ နောက်ဆုံးနေ့အပြီး လူကီဒိုနယ်က သတ်မှတ်ရိုက်ချက်ထက် ၂၁ချက်လျှော့ ရိုက်ပြီး ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ဝေလကစားသမား ဒါးဗီးစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀လျှော့ရိုက်ပြီး ဒုတိယနေရာလိုက်ခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့ဖလား ရေပန်းအစားဆုံးအသင်း အင်္ဂလန်အသင်း ထိပ်ဆုံးမှပါဝင်ဟု မက်ဆီပြောကြား

လန်ဒန် မေ ၃၁

တောင်အာဖရိက၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်မည့် ထိပ်တန်းအသင်းများတွင် အင်္ဂလန်အသင်းသည်လည်း ပါဝင်သည်ဟု ယုံကြည်ကြောင်း အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီက ပြောကြားသည်။

စပိန်နှင့် ဘရာဇီးတို့သည် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခြေရှိသည့် အသင်းများဖြစ်ကြောင်း၊ သို့သော် အင်္ဂလန်အသင်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ဘာစီလိုနာ တိုက်စစ်မှူးက ပြောကြားသည်။

မိမိအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းများတွင် စပိန်၊ ဘရာဇီးနှင့် အင်္ဂလန် အသင်းများသည် အတောင့်တင်းဆုံးအသင်းများအဖြစ် ယုံကြည်ကြောင်း၊ အာဂျင်တီးနား နည်းပြ မာရာဒိုနာသည် နိုင်ငံ့ လက်ရွေးစင် ဘောလုံးသမား ၁၀၀ကျော်နှင့် ကမ္ဘာ့ဖလားကစားရန် ဆက်သွယ်ရှာဖွေနေရဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)



ဖီအိုရင်တီးနားနည်းပြ ပရန်ဒယ်လီ အီတလီအသင်း နည်းပြဖြစ်လာမည်

ရောမ မေ ၃၁

ဖီအိုရင်တီးနားအသင်းနည်းပြ ပရန်ဒယ်လီအား ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အီတလီအသင်းနည်းပြမာဆယ်လိုလစ်ပီ၏နေရာတွင် အစားထိုးခန့်အပ်မည်ဖြစ်ကြောင်း အီတလီသတင်းအေဂျင်စီအန်ဆာက ကြေညာသည်။

ဆက်လက်ကိုင်တွယ်

အသက် ၅၂နှစ်ရှိ ပရန်ဒယ်လီသည် အီတလီအသင်းနှင့်လေးနှစ်စာချုပ်လိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားပြီးနောက် အီတလီအသင်းကို ဆက်လက်ကိုင်တွယ် သွားလိမ့်မည်ဖြစ်ကြောင်း သတင်းအေဂျင်စီက ဆက်လက်ဖော်ပြသည်။

ပရန်ဒယ်လီသည် ဂျူဗင်းတပ်စ် ကွင်းလယ်ကစားသမားဟောင်းဖြစ်သည်။ ၎င်းသည် ဖီအိုရင်တီးနားအသင်းတွင် ငါးနှစ်ကြာနည်းပြတာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အရင်က ပါးမားနှင့် ရိုးမားနည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

နောက်တန်းကစားသမား ဖီးလစ်လမ်း ဂျာမနီအသင်းခေါင်းဆောင်ဖြစ်လာ

မြူးနစ် မေ ၃၁

ဘေယန်မြူးနစ်နောက်တန်းကစားသမား ဖီးလစ်လမ်းအား ဒဏ်ရာရနေသော မိုက်ကယ်ဘောလက်အစား လာမည့်ကမ္ဘာ့ဖလားပွဲတွင် ဂျာမနီအသင်းကို အသင်းခေါင်းဆောင်အဖြစ် ကစားလိမ့်မည်ဖြစ်ကြောင်း ဂျာမနီအသင်းတာဝန်ရှိသူများက ပြောကြားသည်။

အသက် ၂၆နှစ်ရှိ ဖီးလစ်လမ်းသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နာမည်ကြီးခဲ့သည့် ဂျာမနီကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၀၄ခုနှစ်မှစပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင်ကစား

ခဲ့ရာ ဂျာမနီ အသင်းအတွက် ၆၄ပွဲကစားပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ဖီးလစ်လမ်းသည် ၂၀၀၆ကမ္ဘာ့ဖလားပွဲတွင် ဂျာမနီအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သောဘောလုံးရာသီက ဘေယန်မြူးနစ်အသင်းကို ဂျာမန်ဘွန်ဒက်စ်လီဂါဖလားနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်အောင် ကစားပေးရာတွင် အဓိကစွမ်းဆောင်ပေးခဲ့သူ ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အင်ဒီမာရေး ပြင်သစ်အိုးပင်းပြိုင်ပွဲကို ကျောခိုင်းခဲ့ရ

ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် ဗြိတိသျှအဆင့်(၁)တင်းနစ်သမား အင်ဒီမာရေးသည် ကမ္ဘာ့ အဆင့်(၁၅)ရှိ ပြိုင်ဘက် ချက်တင်းနစ်ကစားသမား တိုမက်ဘာဒိုက်ချ်အား ၄-၆၊ ၅-၇၊ ၃-၆ဖြင့်ရှုံးနိမ့်ကာ ကွာတားဖိုင်နယ်တက်ရောက်ခွင့်နှင့်လွဲချော်ကာပြိုင်ပွဲမှ ကျောခိုင်းခဲ့ရပြီဖြစ်သည်။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဖက်ဒဲယာအနိုင်ရရှိ

ပြင်သစ်အိုးပင်းတင်းနစ် လက်ရှိချန်ပီယံ ကမ္ဘာ့အဆင့်(၁) ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယာသည် စတုတ္ထအဆင့်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား တင်းနစ်သမား စတာနစ်လက်စ်ဝေါရင်ကာအား ၆-၃၊ ၇-၆၊ ၇-၅ဖြင့်အနိုင်ရရှိကာ ၎င်း၏ ချန်ပီယံသရဖူကာကွယ်ရေးအိပ်မက်ကို ထိန်းထားနိုင်ခဲ့သည်။

နိုင်ဂျီးရီးယားကစားသမားအူချီ ကမ္ဘာ့ဖလားနှင့်လွဲချော်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် နိုင်ဂျီးရီးယားအသင်းတွင် အသင်း၏ အဓိကအားထားရသော ရီရဲဇာရာဂိုဇာကစားသမားအူချီ ဒူးခေါင်းဒဏ်ရာရထားသဖြင့် မပါဝင်နိုင်တော့ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားသည်။

ဒဗလျူဘီစီလက်ဝှေ့သရဖူ ကလစ်ရှ်ကို ကာကွယ်နိုင်

ယူကရိန်းလက်ဝှေ့ကျော် ဗီတာလီကလစ်ရှ်ကိုသည် ဂျာမနီနိုင်ငံ ဂယ်လ်ဆင်ကီချင်မြို့၌ ပြိုင်ဘက်လက်ဝှေ့သမား အဲလ်ဘတ်ဆိုစနိုစကီအား ၁၀ချီမြောက်တွင် အလဲထိုးအနိုင်ယူကာ ၎င်း၏ ဒဗလျူဘီစီလက်ဝှေ့သရဖူကို ပြန်လည်ရယူနိုင်ခဲ့သည်။

ဂျိုးကိုးလ်အား ချယ်လ်ဆီးက ထွက်ခွာခွင့်ပြု

ချယ်လ်ဆီးအသင်းသည် လီဗာပူးအသင်းမှ ဘီနာယောင်အား ခေါ်ယူရန် စိတ်ဝင်စားနေသဖြင့် ဂျိုးကိုးလ်အား စတန်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်သည်။

မာရှေယာနိုအား ဘာစီလိုနာမျက်စိကျ

ဘာစီလိုနာအသင်းသည် လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုအား စာချုပ်ခေါ်ယူရန် မျက်စိကျနေကြောင်း၊ သို့သော်လည်း အာဆင်နယ်မှ ဖာဘရီဂတ်စ်အားခေါ်ယူရေး ကြိုးပမ်းမှုက အဟန့်အတားဖြစ်စေဖွယ်ရှိကြောင်း ဖော်ပြသည်။

ကာကစ်အားစာချုပ်ခေါ်ယူရန် ဖာဂူဆန်စိတ်ဝင်စား

မန်ယူနည်းပြဖာဂူဆန်သည် ဘာစီလိုနာမှ ဆယ်ကျော်သက် တိုက်စစ်မှူးဘိုဂျန်ကာကစ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၂သန်းဖြင့် စာချုပ်ခေါ်ယူရန်စိတ်ဝင်စားနေသည်။

မော်ရင်ဟို ရီရဲမက်ဒရစ်နည်းပြဖြစ်ပြီ

ဂျို့စ်မော်ရင်ဟိုအား ရီရဲမက်ဒရစ်အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။ မော်ရင်ဟိုသည် လွန်ခဲ့သော ခုနစ်နှစ်အတွင်း ၁၁ဦးမြောက် ရီရဲမက်ဒရစ်အသင်း နည်းပြဖြစ်လာသည်။

ဒီဂီယာအား မန်ယူနှင့် ချယ်လ်ဆီးတို့က ခေါ်ယူဖွယ်

မန်ယူနှင့်ချယ်လ်ဆီးတို့သည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဆယ်ကျော်သက် ဂိုးသမား ဒေးဗစ်ဒီဂီယာအား ပေါင် ၂၅သန်းပေး၍ ခေါ်ယူဖွယ်ရှိသည်။

မန်စီးတီးအတွက် တံခါးဖွင့်ထားဟု ဟိုက်တင်ဂါဖွင့်ဟ

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် နယ်သာလန်အသင်းနှင့် အဲဗာတန်အသင်းခံစစ်မှူး ဟိုက်တင်ဂါအား ငွေကြေးပုံအောသုံးစွဲနိုင်သည့် အသင်းကြီးတစ်သင်းဖြစ်သော မန်စီးတီးကခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ ယင်းအသင်းအတွက် တံခါးကို ကျယ်ကျယ်ဖွင့်ထားသည်ဟု ဟိုက်တင်ဂါက ဖွင့်ဟပြောကြားခဲ့ကြောင်း ဖော်ပြသည်။

ဖာဘရီဂတ်စ်အားခေါ်ယူရေး ဘာစီလိုနာကြိုးစားမည်

စပိန်လာလီဂါအသင်းကြီးတစ်သင်းဖြစ်သည့် ဘာစီလိုနာက ၎င်းတို့အနေဖြင့် ကွင်းလယ်ကစားသမား ယာယာတိုရေးအား ရောင်းချရေးပြီးစီးပါက အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ဖြင့် ခေါ်ယူရေး ကြိုးစားမည်ဟု ဆိုသည်။

ဘက်ဖို့ဒ်အား အဲဗာတန်လေးနှစ် စာချုပ်

အဲဗာတန်က လိဒ်တိုက်စစ်မှူးဟောင်း ဂျာမိန်းဘက်ဖို့ဒ်အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ ။

(အင်တာနက်)

ပြည်ပဈေးကွက်ဝင် သရက်မျိုးကောင်းများစိုက်ပျိုး ဝင်ငွေစီးပွား အကျိုးများ ဖြစ်ထွန်းလာမည်

သတင်းခရီးသည်-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)၊ စာမျက်နှာဖွဲ့စည်းမှု-ဇင်မင်းသန့်(မြန်မာ့အလင်း)

နေပြည်တော် မေ ၃၁

မျက်မှောက်ခေတ်သည်ကား သိပ္ပံခေတ်....
စက်မှုနည်းပညာ ထွန်းကားသောခေတ်....
အိုင်တီနှင့် ကွန်ပျူတာထွန်းကားသောခေတ်....။

မည်သည့် နယ်ပယ်ကဏ္ဍတွင်မဆို နည်းပညာမပါသော ကဏ္ဍသည်ကား ရှား၏။ နယ်ပယ်အသီးသီးတို့တွင် နည်းပညာ၊ နည်းစနစ်တို့ လွှမ်းမိုးချိန်သို့ ရောက်ပြီ။ နည်းပညာမပါသော ကဏ္ဍတို့သည် နည်းပညာပါသော နယ်ပယ်ကဏ္ဍများထက် ခေတ်နောက်ကျကျန်ရစ်နေသည်။ တစ်နည်းအားဖြင့် နည်းပညာမဆန်သော ကဏ္ဍများသည်ကား နေးကွေးလျက်ရှိသည်။

မြစ်သားမြို့နယ် ဟန်မြင့်မိုရ်ကျေးရွာအနီး ရွှေဟင်္သာ သရက်သီးများ ရောင်းချနေမှုကို ဤသို့တွေ့ရသည်။

အထွက်နှုန်းတိုး

သိပ္ပံပညာရှင်တို့က နည်းပညာများကို စက်မှုကဏ္ဍများတွင်သာမက စိုက်ပျိုးရေးကဲ့သို့သော ကဏ္ဍများမှာလည်း နည်းပညာ၊ နည်းစနစ်များကို အသုံးပြုလာကြသည်။ စိုက်ပျိုးရေးသိပ္ပံပညာရှင်တို့က သီးနှံများ အထွက်နှုန်းတိုးစေရန်သော်လည်းကောင်း၊ အရည်အသွေး ပြည့်ဝကောင်းမွန်သော လယ်ယာထွက်ကုန် သီးနှံများဖြစ်စေရန်သော်လည်းကောင်း၊ ပိုးမွှားဒဏ်ခံနိုင်သော သီးနှံများဖြစ်စေရန်သော်လည်းကောင်း တီထွင်ကြံဆကြသည်။ သုတေသနပြုကြသည်။ သိပ္ပံနည်းကျ မျိုးကောင်း၊ မျိုးသန့်များ ရှာဖွေကြသည်။ ရရှိလာသည့် သုတေသနပြုချက်အရ နည်းပညာနှင့် နည်းသစ်များ တောင်သူများထံ အရောက်ပို့ပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းလျက်ရှိကြသည်။

လေ့လာသိရှိ

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဥယျာဉ်ခြံဌာနခွဲအောက်ရှိ မြနဒီစိုက်ပျိုးရေးခြံသို့ လေ့လာရေးအလည်တစ်ခေါက် ရောက်ရှိခဲ့ရာ သရက်မျိုးပြောင်း ထုတ်လုပ်နည်းစနစ်များကို လေ့လာသိရှိခွင့်ရခဲ့သည်။

ပြည်ပဈေးကွက်ဝင်သရက်သီး

"ကျွန်တော်တို့ မြနဒီစိုက်ပျိုးရေးခြံကို ၁၉၈၆ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ ဒီခြံသက်တမ်းအရ စိုက်ထားတဲ့ သရက်ပင်တွေဟာလည်း သက်တမ်းအားဖြင့် ၂၃ နှစ်ရှိပါပြီ။ သရက်ပင်တွေဟာ မျိုးကောင်းတဲ့မျိုးတွေ ပါဝင်သလို မျိုးမကောင်းတဲ့ အပင်တွေလည်း ပါဝင်ပါတယ်။ ဒီသရက်မျိုး မကောင်းတဲ့အပင်တွေကို ခုတ်လှဲပြီး ဈေးကွက်ဝယ်လိုအားကောင်းတဲ့ စိန်တလုံးနဲ့ ရွှေဟင်္သာသရက်မျိုးများ မျိုးပြောင်းလဲပေးလျက် ရှိပါတယ်။ ကျွန်တော်တို့ မြနဒီစိုက်ပျိုးရေးခြံမှာ သရက်မျိုးပြောင်းလဲနည်း စနစ်သုံးမျိုးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါတွေကတော့ သက်တမ်းရင့် အပင်ကြီးများကို မျိုးပြောင်းလဲခြင်း၊ အပင်ကြီးမှအတက်ခံပြီး ထွက်လာတဲ့အတက်ကို မျိုးပြောင်းလဲခြင်းနဲ့ အပင်ငယ်အား မျိုးပြောင်းလဲခြင်းဆိုပြီး ရှိပါတယ်။ ကျွန်တော်တို့ မြနဒီခြံအနေဖြင့် သရက်မျိုး ပြောင်းလဲနည်းစနစ်တွေကို ဒေသမှာရှိတဲ့ သရက်စိုက်တောင်သူတွေ၊ ခြံပိုင်ရှင်တွေကို သင်တန်းများပေးခဲ့လို့ ယခုဆိုရင် သရက်မျိုးပြောင်းလဲတဲ့စနစ်တွေ သိရှိပြီး ပြည်ပဈေးကွက်ဝင် သရက်သီးများ ထုတ်လုပ်လာနိုင်ပြီဖြစ်ပါတယ်"ဟု မြနဒီခြံမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးငွေဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အပင်ကြီးများမျိုးပြောင်းလဲပုံ

အပင်ကြီးများ မျိုးပြောင်းလဲရာတွင် သက်တမ်းရင့်နေသော သရက်ပင်ကြီးများကို မျိုးပြောင်းလဲခြင်းဖြစ်သည်။ ဤနည်းစနစ်မှာ အသီးသေးနုတ်၍ အမျိုးအစားမကောင်းသော သရက်ပင်ကြီးများကို လူတစ်ရပ်လောက်မှ ပင်စည်ပိုင်း ညီညာစွာခုတ်လှဲပြီး ပင်စည်အခေါက်များအတွင်း မျိုးကောင်းသည့် စိန်တလုံးနှင့် ရွှေဟင်္သာကဲ့သို့သောသရက်မျိုးကိုင်းများကို တိုက်ရိုက်ထိုးစိုက်မျိုးပွားသောနည်းဖြစ်သည်။ ဤသို့ သရက်ပင်အိုများကို မျိုးကိုင်းအသစ်များ ကူးဆက်ပေးခြင်းဖြင့် နှစ်နှစ်၊ သုံးနှစ်အတွင်း ကိုင်းလက်များဝေဖြာလာပြီး အနံ့၊ အရသာကောင်းမွန်သော စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများ သီးလာမည်ဖြစ်သည်။

မြနဒီစိုက်ပျိုးရေးခြံ၌ သရက်ကိုင်းဆက်ကျွမ်းကျင်ပညာရှင် ဦးငွေဝင်းက စိန်တလုံးသရက်မျိုးများ ကိုင်းကူးကိုင်းဆက်နည်းဖြင့် မျိုးပွားပုံကို ဤသို့ ရှင်းပြသည်။

ကိုင်းကူးဆက်မျိုးပွား

ဒုတိယတစ်နည်းမှာ သက်တမ်းရင့်ပြီး အသီးနည်းသော သရက်ပင်ကြီးများကို လူတစ်ရပ်လောက်မှ ခုတ်လှဲပစ်ခြင်းဖြစ်သည်။ ထိုသို့ ခုတ်လှဲပြီး သရက်ပင်ငုတ်မှ အတက်များ ထွက်လာမည်ဖြစ်သည်။ ယင်းအတက်များကို သရက်မျိုးကောင်း၊ မျိုးသန့်များဖြစ်သည့် ရွှေဟင်္သာ၊ စိန်တလုံး၊ အောင်ဒင်အစရှိသော သရက်မျိုးကိုင်းများနှင့် ကိုင်းကူးဆက် မျိုးပွားခြင်းဖြစ်သည်။

တတိယနည်းမှာ သရက်ပင်ပျိုများ မျိုးပွားခြင်းဖြစ်သည်။ ဤနည်းမှာ သရက်စေ့မှပေါက်သော လက်ခံပင်ကို တစ်နှစ်သားအရွယ်အထိ ပျိုးပင်အိတ်များဖြင့် အပင်ပျိုးထားရမည်ဖြစ်သည်။ လက်ခံပင်အဖြစ် စိုက်ပျိုးသော သရက်ပင်များကို အများအားဖြင့် ရင်ကွဲသရက်မျိုးများဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။ သရက်လက်ခံမျိုးပင် တစ်နှစ်သားအရွယ်ခန့်တွင် စိန်တလုံးနှင့် ရွှေဟင်္သာ သရက်မျိုးကိုင်းများ အပင်ကြီးမှ မျိုးကိုင်းများ ဖြတ်ယူပြီး ကိုင်းကူးကိုင်းဆက်မျိုးပွားခြင်းဖြစ်သည်။

ဝင်ငွေစီးပွားတိုးပွား

အထက်ဖော်ပြပါ သရက်မျိုးပြောင်းလဲပုံများကို အသုံးပြုခြင်းဖြင့် အရည်အသွေးကောင်းသော သရက်သီးများ ထုတ်လုပ်၍ ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်း၊ နှစ်အနည်းငယ်အချိန်တို အတွင်း သရက်သီးများ ဆွတ်ခူးနိုင်၍ ဝင်ငွေစီးပွားတိုးပွားခြင်း၊ ပြုစုထိန်းသိမ်းစောင့်ရှောက်မှုနှင့် အသီးများအပင်နိမ့်နိမ့် ဆွတ်ခူးရလွယ်ကူခြင်းစသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

သို့ပါ၍ သရက်စိုက်တောင်သူများ အနေဖြင့်ရော မိမိတို့ အိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများပါ သရက်သီးများ မျိုးပြောင်းစိုက်ပျိုးကာ မိသားစုဝင်ငွေစီးပွား တိုးပွားလာမည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြနဒီစိုက်ပျိုးရေးခြံအတွင်း ပြည်ပဈေးကွက်တင်ပို့ရန် ရွှေဟင်္သာသရက်သီးများ ထုပ်ပိုးပြင်ဆင်ထားသည်ကို ဤသို့တွေ့ရသည်။

မြနဒီစိုက်ပျိုးရေးခြံအတွင်း စိန်တလုံးသရက်မျိုးများ ကိုင်းကူး ကိုင်းဆက်နည်းဖြင့် မျိုးပွားထားမှုကို ဤသို့တွေ့ရသည်။

စစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁/၂)စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၃၁

စာရေးသူ စစ်နွေ၏ တာဝန်ကျေခဲ့ပါသည် အပိုင်း(၁/၂) လုံးချင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ရိုးစင်းသောတပ်မတော်သားတစ်ဦး၏ဘဝ တစ်နည်းအားဖြင့် တပ်မတော်သားတစ်ဦး၏ ခက်ခဲကြမ်းတမ်းသော ခရီးလမ်းအား လျှောက်လှမ်းခဲ့ရပုံကို ကိုယ်တွေ့ဖြစ်ရပ်၊ ကိုယ်ပိုင်အတွေ့အကြုံကို အခြေခံ၍ ရေးသားထားသော စာရေးသူ၏ ဖြစ်ရပ်မှန်အတ္ထုပ္ပတ္တိ ပထမပိုင်းဖြစ်သည်။

စာရေးသူ ကလောင်ရှင်စစ်နွေသည် ၎င်း၏ဘဝလမ်းခရီးတစ်လျှောက်ကို အပိုင်း(၁)မှ အပိုင်း(၁၂)အထိ ရေးသားမည်ဟု သိရသည်။

စစ်ဆင်ရေးဖြစ်ရပ်မှန်

စာရေးသူ ပါဝင်ဆင်နွှဲခဲ့ရသော အရှေ့မြောက်ဒေသ စစ်ဆင်ရေးဖြစ်ရပ်မှန်များကို စာဖတ်သူကိုယ်တိုင် ၎င်းဒေသများသို့ ရောက်သွားသကဲ့သို့ လွမ်းဆွတ်ဖွယ်၊ ပျော်ရွှင်ဖွယ်၊ စိတ်တက်ကြွဖွယ်၊ ဗဟုသုတရရှိဖွယ် ခံစားနိုင်ပါလိမ့်မည်ဟု စာရေးသူက ဆိုထားသည်။

နောင်စစ်သည်၊ ဗီကျော်ဟန်၊ သောင်းဝေဦး၊ ချစ်နိုင်(စိတ်ပညာ)၊ မင်းနိုင်(မြန်မာစာ)တို့၏ အမှာစာများနှင့် အမှတ်တရ ဓာတ်ပုံပေါင်း တစ်ရာခန့်ပါရှိပြီး စာဖတ်သူများအတွက် စာကောင်းတစ်ပုဒ်၊ စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း အမှာစာရေးသူများက ဆိုကြသည်။

ဆက်သွယ်ဝယ်ယူနိုင်

စာမျက်နှာ ၄၆၀ ဆိုက်ကြီးဖြင့် ရိုက်နှိပ်ထားသော ယင်းစာအုပ်ကို ယုံကြည်ချက်စာပေမှ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း၊ သီဟရတနာစာပေ ဖုန်း-၅၀၂၆၇၃၊ မြဝတီစာပေ ဖုန်း-၅၅၈၂၇၃ နှင့် မိုးစက်တင်လေစာပေ ဖုန်း-၅၀၁၄၃၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးစံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းအေး ဦးဆောင်သော အဖွဲ့ မေ၂၇ရက်က အမှတ်(၃) ရပ်ကွက်ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေသွေး အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

နမ့်ခမ်း၌ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

နမ့်ခမ်း မေ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မေ ၂၅ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နမ့်ခမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမျိုးသူက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌက ဌာနတစ်ခုချင်းအလိုက် စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ခဲ့ပြီး ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ပြန်လည်ဆွေးနွေးတင်ပြကြသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၀ခုနှစ် နွေရာသီလူသစ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အတိုက်တံခွန်စိုက်ဒိုင်းပထမဆုရရှိသော တိုက်ဂါးကလပ် လယ်ယာနှင့်ဆည်မြောင်းအသင်းအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးမြသိန်းက ဒိုင်းဆုပေးစဉ်။

(တိုက်ကွမ်ဒိုအဖွဲ့ချုပ်)

1-6 (12).pmd 1 6/1/2010, 1:58 AM

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးစည်သူဝင်း (ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန)-
ဒေါ်ခင်လေးသိန်း တို့၏သား

မောင်ကျော်နန္ဒ

B.Sc(Physics)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးအောင်မြင့်ဦး (Minn Hein Khant Construction)-
ဒေါ်ညွန့်ညွန့်လွင်တို့၏သမီး

မပြည့်ဖြိုးကြွယ်

B.Sc(Physics)

တို့သည် ၂၉-၅-၂၀၁၀ရက်တွင် သဃ်န်းကျွန်းမြို့နယ်နေအိမ်၌ နှစ်ဖက်သော လူကြီးမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်နန္ဒ-မပြည့်ဖြိုးကြွယ်။

ရောင်းမည်

TOYOTA Town Ace (Royal Lounge) 92' model,
၁ဓ/၁ထောင်ကျော်
အိမ်စီးကားသန့်သန့် ....
ဖုန်း-၀၉-၅၀-၈၆၉၀၀။

တိုက်ခန်းရောင်းမည်

၁၆ပေ× ပေ၇၀၊ H.K၃၊ ၄တစ်စုံ ပြင်ဆင်ပြီး ဖုန်း အပါ၊ဈေး၊ ကျောင်း၊ ကားဂိတ်အနီး ကျိုက္ကစံလမ်းမပေါ်
ဖုန်း- ၀၉-၅၀-၆၀၃၂၀၊
၀၉-၅၀-၈၇၇၉၀။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

__သင်တန်းအပ်လက်ခံရာနေရာ__ - အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့် ကပ်လျက်)

ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်းပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်။
- ကိုယ်ပိုင်မီးစက်ဖြင့်အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် လူ၂၀။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်း သွင်းထားနိုင်ပါသည်။

"အောင်"ပြီး**"ချမ်းမြေ့"**မှုတွေ့ရှိရန် **"အောင်ချမ်းမြေ့"**ကိုလာခဲ့ပါ။

__**တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**__

အပတ်စဉ်(၁၂၁၈)	၇-၆-၂၀၁၀ရက်စမည်။(စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ်(၁၂၁၉)	၉-၆-၂၀၁၀ရက်စမည်။(တနင်္လာနှင့် အင်္ဂါနားရက်)
အပတ်စဉ်(၁၂၂၀)	၁၁-၆-၂၀၁၀ရက်စမည်။ (ဗုဒ္ဓဟူးနှင့် ကြာသပတေးနားရက်)

__**နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**__

အပတ်စဉ်(၁၂၂၁)	၈-၆-၂၀၁၀ရက်စမည်။ (အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)
အပတ်စဉ်(၁၂၂၂)	၁၀-၆-၂၀၁၀ရက်စမည်။ (ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ်(၁၂၂၃)	၁၂-၆-၂၀၁၀ရက်စမည်။ (စနေနှင့် တနင်္ဂနွေသင်)

__**သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)**__

အပတ်စဉ်(၁၂၂၄)	၁၂-၆-၂၀၁၀ရက်စမည်။ (စနေတစ်ရက်တည်းသာ)
အပတ်စဉ်(၁၂၂၅)	၁၃-၆-၂၀၁၀ရက်စမည်။ (တနင်္ဂနွေတစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား(နှစ်သက်သည့်တစ်ချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	6:30 am to 8:30 am
နံနက်ပိုင်း	(II)	9:00 am to 12:00 pm
မွန်းလွဲပိုင်း	(III)	1:30 pm to 4:30 pm
ညနေပိုင်း	(IV)	5:00 pm to 7:00 pm
ညနေပိုင်း	(V)	6:00 pm to 8:00 pm

လေးလအထူးသင်တန်း (နိုင်ငံတကာအဆင့်မီ Diploma သင်တန်း)

အပတ်စဉ်(၁၂၂၆) ၁၅-၆-၂၀၁၀ရက်စမည်။ (တစ်ပတ်လေးရက်သင်)
9:00 am to 4:30 pm (အင်္ဂါမှ သောကြာနေ့စဉ်)

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှသင်တန်းခွဲမရှိပါ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၂၆၂၊ မြေညီထပ်၊ မျက်နှာမူလျက်(ညာ)တိုက်ခန်းနှင့်တွယ်ကပ် ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်ကျော့ကျော့လွင် ၁၂/တမန(နိုင်) ၀၀၂၄၇၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်
LL.B, D.B.L, D.M.L, D.I.L, D.L.P, W.I.P.O (Switzerland)
ဒေါ်အေးအေးစိုး
B.Sc, Hon (IC), H.G.P, R.L, D.B.L.
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀-၁၇၀၄၄။



ဒိုးကလေးအထည်ဆိုင်

မင်္ဂလာဈေးမြေညီထပ်၊ ဆိုင်အမှတ် ၂၆၈-၂၆၉၊ အိမ်အမှတ် ၄၆၊ (မြေညီထပ်) ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အိမ်ဖုန်း - ၅၄၀၁၄၇၊ ၇၀၃၁၈၈
၀၉-၅၁-၉၀၄၇၉၊ ၀၉-၅၁-၉၀၄၈၃
(ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။)

ရောင်းမည် (မြေထိုးစက်)

ချက်ချင်းအလုပ်လုပ်နိုင်သည် CAT D4E (New Type)
နောက်ဝင့်ပါ (တစ်စီး)၊ နီဆန်ရေသယ်ယာဉ် (တစ်စီး)
HINO BM Bus **(တစ်စီး)**
ဖုန်း-၀၉-၅၀-၁၄၂၉၆၊ ၀၉-၅၀-၄၀၀၉၆၊ ၅၆၃၆၁၀။

လူပျောက်ကြော်ငြာ

ချမ်းမြေ့(ခ)မလင်းလင်းမိုး N/OKA ၁၀၅၁၉၁ကိုင်ဆောင်သူ အသက်(၂၁)နှစ်သည် နေအိမ်မှထွက်သွားသည်မှာ ကြာပြီဖြစ်ပါ၍ ခင်ပွန်းနှင့်သားဖြစ်သူတို့ စိတ်ပူနေသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ လက်ခံထားသူအား ဥပဒေအရ အရေးယူမည်။

ခင်ပွန်း-ဦးရဲထွန်း ၁၂/မဂဒ(နိုင်)၀၆၇၈၂၅။

အမည်ပြောင်း

အဖဦးဇော်နိုင်၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းပဥ္စမတန်း (H)မှ မသင်းသီရိနိုင်အား မသင်းသီရိဇော်ဟု ပြောင်းလဲခေါ်ပါရန်။**မသင်းသီရိဇော်။**

အမည်ပြောင်း

အဖဦးစိန်ပိုက်၏သား မကွေးမြို့၊ အမက(၅)မူလွန် ဒုတိယတန်းမှ မောင်စိုးဝေယံထွဋ်အား ယနေ့မှစ၍ မောင်စိုးဝေယံဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးဝေယံဖြိုး။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသန်းဝင်း၏ ယာဉ်အမှတ် ၈ဃ/၉၈၅၈ ၏ ဗီးတက်နှင့် လိုင်စင်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၀၉-၅၅-၀၆၄၁၀။

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်တီယောရှုဝါး၏ နိုင်ငံကူးလက်မှတ်အမှတ် A030148 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၁-၈၈၅၄၆၊ ၀၇၀၈၀၁၈၈။

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ မော်လူးအုပ်စု၊ မင်းသာရွာနေ အဖ ဦးစောနွယ်၏သမီး မသင်းသင်းနွယ် ၅/အတန(နိုင်)၀၈၄၃၉၂နှင့် မသဲစုနွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မသင်းသင်းနွယ်(ခ)မသဲစုနွယ်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ မော်လူးအုပ်စု၊ မင်းသာရွာနေ ဦးစောနွယ် ၅/အတန(နိုင်)၀၁၉၄၈၈ ၏ဖခင်အမည်မှန်မှာ ဦးဘညိန်(ခ) ဦးတက်ပြား ဖြစ်ပါကြောင်း။
ဦးဘညိန်(ခ)ဦးတက်ပြား။

ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက် အလက(၁၅)၊ Grade 9မှ မသီရိဖြိုး၏ဖခင်အမည်မှန်မှာ ဦးစိန်အောင်၉/မနမ(နိုင်)၀၄၃၂၇၁ ဖြစ်ပါကြောင်း။ **ဦးစိန်အောင်။**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက(၅)၊ စတုတ္ထတန်းအောင်မှ စိုင်းဝန်းတစ်၏ဖခင်အမည်မှန်မှာ ဦးစိုင်းလာ ၁၃/ကတန(နိုင်) ၀၆၆၅၂၆ ဖြစ်ပါကြောင်း။
ဦးစိုင်းလာ။

အမည်ပြောင်း

အဖ ဦးတိုင်းကျော်၏သား ကမာရွတ် T.T.C, Grade-9 (I) မှ မောင်ကောင်းထက်ဇော်အား မောင်ကောင်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်နိုင်။**

အမည်ပြောင်း

အဖ ဦးတိုင်းကျော်၏သား လှိုင် T.T.C, Grade-6(E)မှ မောင်ဟိန်းခန့်ကျော်အား မောင်အောင်ဖုန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်ဖုန်းကျော်။

အမည်ပြောင်း

အဖဦးကျော်လွင်၏သမီး ဖန်းမော်မြို့၊ အထက(၁) စတုတ္ထတန်း(A)မှ မခင်ကျော်မော်ညွန့်အား ယနေ့မှစ၍ မစုယဉ်ယဉ်ထိုက်ဟု ပြောင်းလဲခေါ်ပါရန်။ **မစုယဉ်ယဉ်ထိုက်။**

ပျောက်ဆုံးကြောင်း

ဦးမြင့်ဝေ ပိုင်ယာဉ်အမှတ် ၁ဓ/၅၁၈၆၏ အခွန်ကျေပုံစံ(၁) စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၁-၄၂၂၉၁။

အမည်ပြောင်း

ဦးစံသိန်း၏သား ကြို့ပင်ကောက်မြို့နယ်၊ လှေတုန်းရွာတွဲဖက် အထကနဝမတန်း(အောင်)မှ မောင်ကိုကိုဇင်အား မောင်ခန့်ဇင်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ဇင်သူ။**

အမည်ပြောင်း

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်၊ မြို့ရှေ့အထက(ခွဲ)ကျောင်း၊ အဖ ဦးသန့်စင်အောင်၏သမီး သတ္တမတန်း(A)မှ မယမင်းသန့်စင်အား မရှင်းမွန်လတ်ဟုလည်းကောင်း၊ စတုတ္ထတန်း(A) မှ မဖြူဖွေးသန့်စင်အား မနေခြည်ခွန်းချိုဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။
မရှင်းမွန်လတ်၊ မနေခြည်ခွန်းချို။

အမည်မှန်

အထက(၂)ရန်ကင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟိန်းဇော်၏ မိဘအမည်မှန်မှာ ဦးသိန်းနိုင်-ဒေါ်အေးအေးမွန် ဖြစ်ပါကြောင်း။
ဦးသိန်းနိုင်။

အမည်ပြောင်း

အဖ ဦးတင်ဦး၏သမီး သာယာဝတီ အထက(၁) တက္ကသိုလ်ဝင်တန်း(က)မှ မယဉ်ပွင့်ဖြူလှိုင်အား မယုလှိုင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။
မယုလှိုင်ဖြိုး။

အမည်ပြောင်း

အဖဦးနိုင်နိုင်ဦး၏သမီး လှိုင်မြို့နယ် အလက(၄) ထ(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဝင်းချယ်ရီမိုး ၁၂/လမန(နိုင်) ၁၅၁၁၂၅ အား မဝင်းသီရိမေဟု ပြောင်းလဲခေါ်ပါရန်။ **မဝင်းသီရိမေ။**

မြန်မာလူငယ်ဘောလုံးအသင်းများ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၃၁

မလေးရှားနိုင်ငံ Kota Kinaba Lu မြို့တွင် ကျင်းပမည့် AFC U-14 Boys Festival of Foot-Ball ပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ကျော်သူအောင်၊ လက်ထောက်နည်းပြ ဦးသန်းဝေ(မြန်မာ့လက်ရွေးစင် နောက်တန်းခံစစ်မှူးဟောင်း) ပါဝင်သည့် မြန်မာလူငယ်(က) အသင်းနှင့် (ခ)အသင်း ပါဝင်ယှဉ်ပြိုင်ရန် ယနေ့မွန်းတည့် ၁၂နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(ယာပုံ)**

__**သူတို့ပါဝင်**__

မြန်မာလူငယ်(က)အသင်းတွင် ဂိုး-ခွန်ထီးထွေ၊ နောက်တန်းကစားသမားများအဖြစ် အားကာ/သိပ္ပံ ရန်ကုန်မှ နန်းဝေမင်း၊ အသင်းခေါင်းဆောင် ကယားပြည်နယ်မှ ဘောရယ်၊ အားကာ/သိပ္ပံ ရန်ကုန်မှ ကျော်မင်းနိုင်၊ နေဇာလင်း၊ အလယ်တန်းကစားသမားများအဖြစ် စည်သူထွန်း၊ ငြိမ်းချမ်းအောင်၊ ထင်မင်းလတ်နှင့် ကျော်ကိုကိုဟိန်း၊ ရှေ့တန်းကစားသမားများအဖြစ် သန်းဌေးနှင့်ဇော်ဇော်အောင်တို့ ပါဝင်ကြသည်။

__**ထွက်ခွာ**__

မြန်မာလူငယ်(ခ)အသင်းတွင် ဂိုး-မင်းသူ၊ နောက်တန်းကစားသမားများအဖြစ် အောင်မြင့်မြတ်၊ အသင်းခေါင်းဆောင် ကျော်ကျော်စိုး၊ သန့်ဇင်ဦးနှင့် အာကာမိုးမြင့်၊ အလယ်တန်းကစားသမားများအဖြစ် ဝဏ္ဏ၊ စစ်မင်း၊ ငြိမ်းချမ်းဦးနှင့် ကျော်ညီညီဟိန်း၊ ရှေ့တန်းကစားသမားများအဖြစ် ထွန်းလင်းအောင်နှင့် ကျော်ခိုင်မျိုးတို့ လိုက်ပါသွားကြပြီး နည်းပြဆရာ ဦးဘုန်းနိုင်သည် မေ ၂၈ ရက်က ကြိုတင်ထွက်ခွာသွားခဲ့သည်။
(မြန်မာ့အလင်း)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အများသုံးရေကန်မှ သောက်သုံးရေဖြန့်ဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မူးယစ်ကင်းစင် အလှဆင်

ဂန့်ဂေါ၌ အဆို၊ အက၊ အတီး သင်တန်းဆင်း

ဂန့်ဂေါ မေ ၃၁

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အတီး ပညာရပ် နွေရာသီ သင်တန်းဆင်းပွဲကို မေ ၂၆ ရက် နံနက် ၈နာရီက ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ကျင်းပရာ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဦးမြင့်လှိုင်က သင်တန်းဆင်း အမှာစကားပြောကြား၍ သင်တန်း နည်းပြများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။
(ခရိုင် ပြန်/ဆက်)

နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် မေ ၃၁

ပြည်တွင်းပြည်ပရှိ **Hotel, Restaurant** နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ **International Bakery & Pastry Course** (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအမှတ်စဉ်အသစ်ကို ဇွန်လ ပထမပတ်အတွင်း **Star Resources Hospitality Management Academy** ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အခမဲ့ကူညီပေး

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) က သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည် ဖြစ်သည်။

ဖွင့်လှစ်

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဇွန်လ ပထမပတ်အတွင်း ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး(ကလေး)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ဦးဆောင်သောအဖွဲ့ ကလေးဝလမ်းတွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ ရောင်ပြန်ပြား တပ်ဆင်ထားခြင်း ရှိ မရှိ၊ အချက်ပြမီး ကောင်းမွန်ခြင်း ရှိ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင်စစ်ဆေးကြစဉ်။ (သတင်းစဉ်)

Graphic Design သင်တန်းဖွင့်မည်

Gusto Graphic Design

ရန်ကုန် မေ ၃၁

နေ့စဉ်နေ့တိုင်း တွေ့ရှိနေရသမျှအားလုံးသည် ဒီဇိုင်းပညာ(Graphic)နှင့် ကင်းကွာနိုင်သည်ဟူ၍မရှိပါ။ အရောင်အသွေး စုံလင်လှသော Billboard များ၊ ဒီဇိုင်းလှလှ Package လှလှလေးများဖြင့် ထုပ်ပိုးထားသောပစ္စည်းလေးများ၊ ဆွဲဆောင်မှုရှိလှသော Logo လေးများ၊ ဂျာနယ်ဒီဇိုင်း၊ မဂ္ဂဇင်းဒီဇိုင်းများမှအစ Internet ပေါ်တွင်ရှိသော Website ဒီဇိုင်းများအထိ Design ပညာဖြင့် ပြုလုပ်ထားခြင်းပင် ဖြစ်သည်။

ဖွင့်လှစ်

နေရာတိုင်းတွင် Graphic Design များသည် အရေးပါနေသောကြောင့် အရည်အချင်းပြည့်ဝသော Graphic Designer များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းက Graphic Design Course ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသင်တန်းတွင် Graphic Designer တစ်ယောက်အနေဖြင့် သိသင့်သိထိုက်သော Technical Skills များသာမက Design တစ်ခု၏ အခြေခံစဉ်းစားပုံ စဉ်းစားနည်း (Conceptual Skills) များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်တွင် မိမိကိုယ်တိုင် Design များ ပြုလုပ်နိုင်ရန်အတွက် Design Theoryများ၊ Color Theory များကို အနှစ်သာရရှိရှိ လေ့လာရမည်ဖြစ်သည်။

လေ့ကျင့်ပေး

ထို့အပြင် အဆင့်မြင့် Design Software များကို ကိုယ်တိုင်အစအဆုံး ပြုလုပ်နိုင်စေရန်အတွက် Design Theory များ၊ Color Principle များကို အနှစ်သာရပြည့်ဝစွာ နားလည်စေရန် စာတွေ့၊ လက်တွေ့များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို နေရာတကာတွင် အရေးပါနေသော Graphic Design များကို ကိုယ်တိုင် ဖန်တီးပြုလုပ်လိုသူများ၊ Printing House, Photo Studio, Media House တို့တွင် Graphic Designer အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ Web Designer ကောင်းတစ်ယောက်ဖြစ်ရန် အခြေခံကောင်းများ ရရှိလိုသူများ တက်ရောက်သင့်ပြီး ကွန်ပျူတာ အခြေခံရှိထားပြီးသူမည်သူမဆို တက်ရောက်နိုင်သည်။

စာရင်းပေးသွင်းနိုင်

ယင်းသင်တန်းကို ဇွန် ၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (စနေ၊တနင်္ဂနွေ) တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဇွန် ၂ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ်(၂၆) ၁၄လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၄၄၉၆နှင့် ၀၉-၈၆၂၈၈၀၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပလတ်စတစ်လောင်းထားသည့် HAPPY ဗလာစာအုပ်များ သေသပ်လှပသော ဒီဇိုင်းမျိုးစုံပုံများဖြင့် ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် မေ ၃၁

ဗလာစာအုပ်သုံးစွဲရသူတိုင်း သုံးကြည့်ပြီး အကြိုက်တွေ့သွားသည့် HAPPY ဗလာစာအုပ်များ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထုတ်လုပ်ထား

HAPPY ဗလာစာအုပ်များကို A အမျိုးအစား၊ B အမျိုးအစား၊ C အမျိုးအစား၊ D အမျိုးအစားနှင့် E အမျိုးအစားဟူ၍ အမျိုးအစား ငါးမျိုးထုတ်လုပ်ထားကြောင်း၊ A အမျိုးအစားကို အင်ဒိုနီးရှားဂူဖရီ၊ B အမျိုးအစားကို သာပေါင်းစက္ကူ၊ C အမျိုးအစားကို ချိုင်းနားဂူဖရီနှင့် D အမျိုးအစားကို မြန်မာဂူဖရီတို့ဖြင့် ထုတ်လုပ်ထားကြောင်း၊ မြန်မာစစ်တောင်းဖြင့်လည်း ဗလာစာအုပ်များ ထုတ်လုပ်ထားကြောင်း၊ ဗလာစာအုပ်အဖုံးများကို နိုင်ငံခြားကတ်စက္ကူဖြင့် ဗလာစာအုပ်သုံးစွဲသူများ ကြိုက်နှစ်သက်သည့် ဒီဇိုင်းမျိုးစုံ ပုံများဖြင့် ထုတ်လုပ်ထားပြီး ကြာရှည်စွာ ကိုင်တွယ်အသုံးပြုသော်လည်း ညစ်ပေစုတ်ပြဲမှု မရှိအောင် ပလတ်စတစ်လောင်းထားကြောင်း၊ ဗလာစာအုပ်တိုင်း စာမျက်နှာ ၈၀ အပြည့်ပါရှိကြောင်း၊ လက်ရာသေသပ်ကောင်းမွန်စွာ ထုတ်လုပ်ထားပြီး ဈေးနှုန်းမှာ အများဝယ်ယူသုံးစွဲနိုင်အောင် သတ်မှတ်ထားကြောင်း၊ နယ်မှမှာယူသုံးစွဲသူများ အဆင်ပြေလွယ်ကူချောမောအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

အရည်အသွေး ကောင်းမွန်သော HAPPY ဗလာစာအုပ်များကို ဈေးနှုန်းမှန်ကန်စွာ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ဈေးကွက်မန်နေဂျာ ဒေါ်ခင်ဇာမော် အမှတ် ၁၅၀-A ဟားခါးလမ်း စက်မှုဇုန်(၁) ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရန်ကုန်တိုင်း ဖုန်း-၀၁-၅၉၀၂၉၂ နှင့် ၅၉၀၂၉၃တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်း ထွေတလာ

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရုံးပေါင်းစုံလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၀၀၁)

Myanmar WWW Institute မှ အိုင်တီနည်းပညာသင်တန်းသစ်များ ဖွင့်လှစ်

ရန်ကုန် မေ ၃၁

Myanmar WWW Institute သင်တန်းကျောင်းက Java နည်းပညာ အထူးပြုသင်တန်းနှင့် Computer Hardware & Network ပိုင်းဆိုင်ရာ သင်တန်းသစ်များကို ဇွန်လ ပထမပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားပေး

Certified Java Programmer (J2SE) Course သည် C, C++ နှင့် Programming Concept ကို သိရှိပြီးသူများအနေဖြင့် Java Programming Language ကို စိတ်ဝင်စား၍ လေ့လာသင်ယူပါက စတင်တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ ၎င်းသင်တန်းတွင် OOP သဘောတရားများကို အသေးစိတ်သင်ကြားပေးခြင်း၊ Java ၏ Advanced Features များဖြစ်သည့် Collection Framework အောက်၌ ပါဝင်သော classes နှင့် Interfaces များ၊ Multithreading Program များ သင်ကြားခြင်း၊ HTML Page များတွင် Java Applet Class ထည့်သွင်း အသုံးပြုပုံကို သင်ကြားပေးခြင်း၊ Network Program များ ရေးသားခြင်း၊ User Interface ပါဝင်သော GUI Application Program များကို Database နှင့် ချိတ်ဆက်၍ ရေးသားပုံကို သင်ကြားပေးခြင်း စသည်ဖြင့် များစွာသော Java ၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သည်အထိ စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်နေစဉ်အတွင်း Module တစ်ခုပြီးတိုင်း Quizzes များ ဖြေဆိုစေခြင်း၊ Assignment များကို ကိုယ်တိုင်ရေးသားစေခြင်း၊ Exam များ ဖြေဆိုခြင်းတို့အပြင် သင်တန်းကာလအားလုံး ပြီးဆုံးပါက Databaseနှင့် ချိတ်ဆက်၍ Class Project တစ်ခုကို တစ်ယောက်ချင်းစီ ရေးသားစေခြင်း စသည်တို့ကို ပြုလုပ်စေခြင်းဖြင့် သင်တန်းသားများအား ပိုမိုကျွမ်းကျင်တတ်မြောက်စေမှာ ဖြစ်ပါသည်။ သင်တန်းချိန်မှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက် ၉း၁၅နာရီမှ မွန်းလွဲ ၁၂း၁၅နာရီအထိဖြစ်ပြီး သင်တန်းကာလမှာ သုံးလခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

သင်ယူရမည်

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၎င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP ၏ ဆောင်ရွက်ချက် တို့အပြင် System Installation၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့အပြင် LAN ချိတ်ဆက်နည်း၊ Data နှင့် Device များကို LAN အတွင်း Sharing ပြုလုပ်ခြင်း၊ Network Security စီမံခန့်ခွဲခြင်း စသည့် Network ဆိုင်ရာ ဘာသာရပ်များကို သင်ကြားရမည့်အပြင် Wide Area Network (WAN / Internet) ၏ အဆင့်ဆင့်အလုပ်လုပ်ပုံ TCP / IP အခြေခံကိုလည်း သင်ကြားရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (စနေနှင့် တနင်္ဂနွေ) တက်ရောက် သင်ယူရမည်ဖြစ်သည်။

စာရင်းပေးသွင်း

စိတ်ပါဝင်စားသူများအနေဖြင့် Myanmar WWW Institute အဆောင်(၅) အခန်း (၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၃၂၀၊ ၆၅၂၂၈၈နှင့် ၅၂၁၁၂၅တို့သို့ စာရင်းပေးသွင်း၍ သင်တန်းအပ်နှံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာ ဉာဏ်အလင်းရောင်စာကြည့်တိုက် အဆောက်အအုံဖွင့်

ပုသိမ်ကြီး မေ ၃၁

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာ ဉာဏ်အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ပုသိမ်ကြီးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးချစ်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက အမှာစကားပြောကြားပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးချစ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာဖတ်ခြင်းအကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီးနောက် ကျေးရွာရပ်ကွက်ဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး အလှူရှင်များက စာကြည့်တိုက်သို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံးစွဲမှု တိုးမြှင့်ဖြန့်ဖြူးပေးရန် ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်း ပြီးစီးလုပြီ
မကြာမီ ကမ်းလွန်သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်

နေပြည်တော် မေ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် မေ ၃၀ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကမ်းလွန် ၂၄လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း (ရွာမ)သို့ ရောက်ရှိရာ ရှေးဦးစွာ ထိန်းချုပ်ရေးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း (ရွာမ)၏ လက်ရှိ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ယခု သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း (ရွာမ)မှ စနစ်တကျ တပ်ဆင်ပြီးစီးပြီဖြစ်သဖြင့် မကြာမီ ကမ်းလွန် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တိုးမြှင့်ရရှိလာမည့် သဘာဝဓာတ်ငွေ့များအား စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❒

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကမ်းလွန် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)